


ရွှေပဒေသာစာပေ
သန်းမြင့်ဦး
ရွှေပဒေသာသရဲစာစဉ်အမှတ်(၅)

# ကြောက်စရာသရဲ

သန်းမြင့်ဦး

# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
မေလ၊ ၂၀၁၅။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၀၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ဈေး - ၃၀၀ ကျပ်

အုပ်ရေ - ၅၀၀၀ အုပ်

၈၉၅ ၈၃

သန်းမြင့်ဦး
ကြောက်စရာသရဲ/ သန်းမြင့်ဦး - ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၁၂၈ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) ကြောက်စရာသရဲ

# ကြောက်စရာသရဲ

# အခန်း (၁)

သည်းလိုက်သည့်မိုး' . . .။

မနက်မိုးလင်းကတည်းက စပြီး ရွာချနေလိုက်သည့်မိုး ဖြစ်သည်။

သည်မိုးကို မကြာမီ တိတ်သွားလိမ့်မည်ဟု အထင်ရှိခဲ့မိ သောကြောင့်လည်း ဒီခရီးကို စတင်ထွက်ခဲ့ခြင်းဖြစ်သည်။

သူသွားရမည့်ခရီးက မြိုင်သာယာဆီသို့ အရောက်ဖြစ် သည်။

ထိုရွာဆီသို့ရောက်ဖို့အတွက် ကားကို အဆက်မပြတ် မောင်းနှင်တာတောင်မှ တစ်ညနှင့်တစ်နေ့ ခရီးနှင်ရမည်ဖြစ်သည်။

ကြားထဲမှာ မြို့ငယ်သာကို ရောက်ရှိဖို့အတွက် ခေမာရကို ကျော်ဖြတ်ရဦးမည် ဖြစ်သည်။

❋

ခေမာရ ...။

ဤနယ်မြေသည် နာမည်ကြီးသည်၊ လူပြောများသည်။ ထိုသို့ နာမည်ကြီးသည်။

လူပြောများသည်ဆိုရာ၌ ကောင်းသတင်းဖြင့် နာမည် ကြီးခြင်း။ လူပြောများခြင်းမျိုးတော့ မဟုတ်ပါ။

ဤခေမာရနယ်တစ်ဝိုက်တွင် ကျတ်နှင့်သရဲများ ပေါ သည်ဟု နာမည်ကြီးနေခြင်းဖြစ်သည်။

သူ့သူငယ်ချင်းအချို့က ဤ ခေမာရကို ဖြတ်သန်းခဲ့စဉ်က ကြုံတွေ့ခဲ့ရသည်တို့ကို သူ့အား ပြန်၍ ဖောက်သည်ချခဲ့ဖူးသောကြောင့်လည်း ထိုအကြောင်းတွေကို သိထားရခြင်းပဲ ဖြစ်ပါ၏။

"ဒီလိုကွ မြတ်သူရ ...

လွန်ခဲ့တဲ့တစ်လလောက်ကပေါ့ကွာ၊ ကိစ္စတစ်ခုနဲ့ မြို့သာယာကိုသွားတာ ငါ့ကားကို ငါကိုယ်တိုင်မောင်းပြီးတော့ပေါ့၊ ငါ စပြီးထွက်လာတော့ မနက်မိုးအလင်း ၃ နာရီသာသာလောက်ကပေါ့ကွာ ...၊

ငါလည်း မြို့သာယာကို ရောက်ချင်တဲ့စိတ်ဇောနဲ့ ကားကို အဆက်မပြတ်မောင်းလာလိုက်တာ မြို့သာယာကို မရောက်ခင် လမ်းခုလတ်မှာတင် မိုးကတဖြည်းဖြည်းချုပ်လာတယ်၊ နေ့ခင်းအလင်းရောင်ပျောက်သွားပြီး ညအရောင်က နေရာယူလာတော့တာပေါ့လေ ...၊

အဲ ... ခေမာရကို ရောက်ခါနီးကျတော့မှ ပတ်ဝန်းကျင်တစ်ခုလုံးဟာ အလင်းရောင်မရှိတော့

သလောက်ကို လုံးလုံးမှောင်နေပြီလေ၊ ဒီတော့ ငါက လည်း ကားကို မီးကြီးထွန်းပြီးပဲ မောင်းရတော့တာပေါ့ ကွာ ...।

အဲ ... စကားဖြတ်ပြီးပြောဦးမယ်၊ အဲဒီတုန်း က ငါက ခေမာရအကြောင်းကို ဘာမှမသိရသေးတဲ့ အချိန်ပေါ့လေ၊ ငါ ခေမာရထဲကို စပြီးရောက်တဲ့အချိန် ကျတော့ အမှောင်ဆုံးအပိုင်းကို ရောက်နေပြီ၊ ကား လမ်းတစ်လျှောက်မှာလည်း လူရိပ်လူယောင် လုံးလုံး မတွေ့ရတော့၊ အဲ ... ကားအသွားအလာကိုလည်း မတွေ့ရတော့ဘူး။ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း တိတ်ဆိတ် ငြိမ်သက်နေတော့တာပေါ့ ...।

ရောက်ချင်တဲ့စိတ်စောနဲ့သာ ခရီးထွက်လာရ တာ တကယ်တမ်းကျတော့ ဒီလမ်းခရီးက တစ်ယောက် တည်းသွားလို့ သိပ်ကောင်းတာမဟုတ်တာတော့ အမှန် ပဲ၊ အေး ... ခေမာရကို စပြီးအဝင်မှာပဲ ပြဿနာက ဖြစ်တော့တာပဲဟေ့ ...।

ငါက ငါ့အတွေးနဲ့ငါ ကားကို အမြန်မောင်းလာ

လိုက်မိတာ လမ်းတစ်နေရာကိုရောက်တော့ တစ်ကိုယ်လုံး အဖြူရောင်ဝတ်ထားတဲ့ အမျိုးသမီးငယ်လေးတစ်ယောက်က မြုန်းဆို အမှောင်ရိပ်ထဲကနေ ထွက်လာပြီး လမ်းမလယ်ကောင်မှာ ရပ်လို့ ငါ့ကားကို လက်ပြတားတော့တာပဲဟေ့ ...၊

ငါလည်း မြုန်းခနဲဆိုတော့ အသည်းထဲ ထိတ်ပြီးလန့်သွားတော့တာပေါ့၊ အရှိန်နဲ့ပြေးနေတဲ့ ငါ့ကားရဲ့ ဘရိတ်ကိုလည်း ဆောင့်နင်းချလိုက်မိတယ်၊ အံ့ဩစရာကောင်းတာက ငါ့ရဲ့ကားက အဲဒီအဝတ်အစားဖြူနဲ့ အမျိုးသမီးရဲ့ လက်တစ်လုံးအလိုလောက်မှာ ရပ်သွားဟာပဲ၊ ရပ်သွားတာမှ ကားစက်ပါ တစ်ခါတည်း သေသွားတာပဲ ...:

အနီးကပ်ဆုံးနေရာကို ရောက်တော့မှပဲ ကားမီးရောင်နဲ့ အဲဒီအမျိုးသမီးရဲ့မျက်နှာကို သေသေချာချာ မြင်ရတော့တယ်၊ မိုးရေစက်နဲ့ မီးရောင်ရဲ့အလင်းရောင်ရဲ့ကြားထဲမှာ မြင်နေရတဲ့ အဲဒီအမျိုးသမီးရဲ့မျက်နှာလေးဟာ ဖြူဥပြီး အင်မတန်ကို ချောမောနေတယ်၊

ဒီလောက် ချောမောလှပတဲ့ အမျိုးသမီးကို မြင်တွေ့လိုက်ရတော့ ငါ့ရဲ့စိတ်ထဲမှာ တော်တော်လေးကို ထူးဆန်းသွားမိတာတော့ အမှန်ပဲ …။

အဲဒီတုန်းက ငါ့ရဲ့စိတ်ထဲမှာ ထူးဆန်းသွားတယ် ဆိုတာထက် ပိုပြီးမတွေးမိဘူးလေ”

✻ ✻ ✻

# အခန်း (၂)

"ဆိုပါတော့ ...ကားကိုရပ်ပေးလိုက်တာနဲ့ အဲဒီအမျိုးသမီးဟာ ကားကို ကွေ့ပတ်ပြီး ငါ့ကားတံခါးနားကို တိုးကပ်လာတယ်၊ တကယ်တော့ ငါ့ကားဟာ မြို့င်သာယာဘက်ကို ရောက်မယ်ဆိုရင် ကားကြုံလိုက်ချင်တယ်ဆိုတဲ့အကြောင်း ပြောရမှာလေ၊ ငါက ဘာမှမပြောခင် ကားတံခါးဖွင့်ပြီး ငါ့ဘေးနားကို ဇွတ်ခနဲ ဝင်ထိုင်လိုက်တယ် ...၊

တော်တော်အတင့်ရဲတဲ့ အမျိုးသမီးပဲဆိုပြီး ငါ့စိတ်ထဲမှာ တွေးမိပြီး ထူးဆန်းတာတစ်ခုကို သွားပြီး သတိပြုမိလိုက်တယ်၊ အဲဒါက ဘာလဲဆိုတော့ ... မိုးတွေ ဒီလောက်သည်းကြီးမည်းကြီး ရွာချနေတာတောင်မှ ဒီအမျိုးသမီးရဲ့ကိုယ်မှာ မိုးရေ တစ်စက်မျှ တင်မနေတာဘဲ၊ ငါ့စိတ်ထဲကအတွေးကို အဲဒီအမျိုးသမီးက သိသွားသလိုနဲ့ ဘာလှမ်းပြောသလဲဆိုတော့ ...

"ဘာလဲ ... ရှင်က ရွှေစင်ရဲ့ကိုယ်ပေါ်မှာ ဘာဖြစ်လို့ မိုးရေတွေ ရှိမနေရတာလဲဆိုပြီး တွေးနေတာလား"

တဲ့၊ အဲဒါနဲ့ ငါကလည်း ခေါင်းကိုညိတ်ပြလိုက်တယ်၊ ပါးစပ်ကတော့ ဘာမှမပြောဖြစ်လိုက်ဘူး။ ဒီတော့ အမျိုးသမီးက ဘာပြောသလဲဆိုတော့ ...

"ရွှေစင်ရဲ့ကိုယ်မှာ ဘာကြောင့် မိုးရေတွေမစိုရတာလဲ ဆိုတာကို နောက်တော့ ရှင်သိလာရမှာပေါ့ရှင်၊ ကဲပါ ... ရှင် ကားကိုသာ မောင်းပါတော့"

လို့ ဆိုတာနဲ့ ငါလည်း ကားကို ပြန်ပြီးမောင်း

ထွက်ခဲ့တော့တာပေါ့။ လမ်းမှာ တစ်လျှောက်လုံး ငါတို့ နှစ်ယောက်စလုံး စကားတစ်လုံးမှ မပြောဖြစ်ကြဘူး။ သူကတော့ မသိဘူး ... ငါကတော့ အဲဒီအမျိုးသမီး အကြောင်းကို တွေးလာမိတယ် ...။

လူမနီး သူမနီး ဒီလိုခေါင်တဲ့နေရာမျိုးမှာ ရုတ်တရက် ပေါ်လာတဲ့ ဒီအမျိုးသမီးနဲ့ပတ်သက်ပြီး ငါ တွေးရတော့မယ်လေ၊ ထူးဆန်းတာက ငါ့စိတ်ထဲမှာ တွေးနေသမျှ အတွေးတွေကို ဒီအမျိုးသမီးက ကြိုကြိုပြီး သိနေတာကိုက ငါ့စိတ်ထဲမှာ တော်တော်လေး ထူးဆန်း နေတော့တာပဲ၊ ငါ့စိတ်ထဲမှာ သူ့ကို နည်းနည်းပါးပါး လည်း သက်ာမကင်းဖြစ်လာမိတာတော့ အမှန်ပဲ ...။

ကားကို မောင်းလာလိုက်တာ အတော်လေး ကြာတော့ ကားထဲမှာ အနံ့တစ်မျိုးရလာတယ်၊ အင်မ တန်ကိုမွှေးတဲ့ အမွှေးနံ့ပဲကွ၊ ရေမွှေးနံ့လိုလို၊ ပန်းအနံ့ လိုလို ဘယ်လိုအနံ့မျိုးလဲဆိုတာကို ပြောရမှာတောင် ခပ်ခက်ခက်ပဲ၊ ငါ့စိတ်ထဲမှာလည်း ဒီအမျိုးသမီးနဲ့ပတ် သက်ပြီး မသက်ာတဲ့စိတ်က ပိုပိုများလာတယ် ...။

ဒီအချိန်မှာပဲ အမျိုးသမီးက စကားစပြီး ပြော လာပြန်တယ်၊

"ရှင် ရွှေစင့်အကြောင်းကို ဘာမှမမေးတော့ ဘူးလား။ ညကြီးမိုးချုပ် မိုးရွာထဲမှာ ရှင့်ရဲ့ကားကို ကားကြုံစီးပြီး မြိုင်သာယာကို ဘာကြောင့်သွားနေရတာ ဂဲဆိုတာကိုရော မမေးတော့ဘူးလား"

သူမေးတာကို ငါ အဖြေမပေးမိဘူး။ ဘာဖြစ် လို့လဲတော့ မသိဘူး ... ဒီအမျိုးသမီးနဲ့ စကားပြောရ ဆိုရမှာကို နှုတ်လေးနေမိတယ်၊ ဝန်လေးနေမိတယ် လေ၊ တစ်ခုတော့ရှိတယ် ... ငါ့စိတ်ထဲမှာ ဖြစ်ပေါ် ခံစားနေရတာတွေကို ဒီအမျိုးသမီး အားလုံးသိနေတာ ကို ငါ အရမ်းအံ့အားသင့်နေမိတာတော့ အမှန်ပဲ၊ အမျိုး သမီးက စကားပြောလာပြန်တယ် ...၊

"ဒီခေမာရရဲ့အကြောင်းကို ရှင် မကြားမိသေး ဘူးနဲ့တူ တယ်"

ဒီတစ်ခါတော့ အမျိုးသမီးကိုကြည့်ပြီး ငါ့ဆီက ပထမဦးဆုံး စကားထွက်သွားမိတယ်၊

"ဆိုစမ်းပါဦး ...ဒီခေမာရက ဘာတွေဖြစ်နေလို့လဲ"

အမျိုးသမီးက ပြုံးတယ်၊ ပြီးတော့ ဘာပြန်ပြောသလဲ ဆိုတော့ –

"ဒီခေမာရမှာ သရဲတွေ၊ တစ္ဆေတွေ၊ မှင်စာတွေ၊ ကျွတ်တွေ ပေါတယ်ဆိုတာ လူတိုင်းသိနေသားပဲ၊ အဲဒါကိုတောင် ရှင်က မသိဘူးဆိုတော့ တော်တော်လေးကို အံ့အားသင့်ဖို့ကောင်းနေတော့တာပဲ"

"မင်းကရော အဲဒါတွေကို အယုံအကြည်ရှိလို့လား"

ငါက ကောက်ကာငင်ကာ ပြန်ပြီးမေးလိုက်တော့ အမျိုးသမီးက မဲ့ပြုံးပြုံးလိုက်ပြီးတော့ –

"ယုံတာ၊မယုံတာ အပထား။ ဒီညမှာ သရဲတွေနဲ့ စကားတွေပြောပြီးမှ ဒီကိုထွက်လာတာ"

ငါက ဒီအမျိုးသမီး နောက်နေတယ်လို့ထင်ပြီး သူ့မျက်နှာကိုကြည့်လိုက်တော့ အတည်ပေါက်နဲ့ပြောတဲ့ ပုံစံမျိုးနဲ့ မျက်နှာက ခပ်တည်တည်ပဲ ...၊

"မပါဲး ငါ့ကိုနောက်နေတာတော့ မဟုတ်ပါဘူး နော်"

ငါက ပြန်ပြောလိုက်တော့ အမျိုးသမီးက -

"ဒီလိုကိစ္စမျိုးက နောက်ရမယ့်ကိစ္စမျိုးမှ မဟုတ်တာဘဲရှင်၊ ပြီးတော့ ရှင့်ကိုပြောရဦးမယ်၊ အခု ရှင်နဲ့အတူတူ ကားထဲမှာ ထိုင်လိုက်လာတဲ့ ရွှေစင်က ရော လူအစစ်မဟုတ်ဘဲ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဒီနေရာမှာ ကားမှောက်လို့ အစိမ်းသေ သေသွားပြီးမှ သရဲမ ဖြစ်နေတဲ့သူဖြစ်နေတယ်ဆိုရင်ကော"

ဒီအချိန်အထိ သူ့ကို ငါက နောက်ပြောင်နေ တယ်လို့ပဲ ထင်နေခဲ့တာ၊ ဒါကြောင့်လည်း သူ့ကို ငါ ဘယ်လိုပြန်ပြောလိုက်မိသလဲဆိုတော့ -

"မင်းက အတည်ပေါက်နဲ့ နောက်တတ် ပြောင်တတ်သားပဲကိုနော်"

"မဟုတ်ဘူး မဟုတ်ဘူး၊ ရွှေစင်က နင့်ကို အတည်ပြောနေတာ၊ ကဲပါ ... ရှင့်ရဲ့ကားကို ဟောဟို နားက သရက်ပင်ကြီးနားမှာ ခဏလောက် ရပ်ပေးစမ်း

ပါ၊ ရှင် အဲဒီသရက်ပင်ပေါ်မှာ သရက်သီးတွေ သီးနေတာကို တွေ့တယ်မဟုတ်လား၊ ရွှေစင် ကားထဲကနေ ကားအပြင်မထွက်ဘဲ အဲဒီသရက်ပင်ပေါ်က သရက်သီးတွေကို အောက်ကို တစ်လုံးပြီးတစ်လုံး ချွေချပြလိုက်မယ် ...၊

ဘယ့်နှယ်လဲ ...ရှင် လက်တွေ့ကြည့်ချင်တယ် မဟုတ်လား''

သူ့စကားကို အဲဒီအချိန်အထိ ငါမယုံသေးဘူး။ ပျော်စေ ပျက်စေသဘောနဲ့ ငါ့ကိုနောက်နေတာပဲလို့ ထင်နေတာ၊ ဒါနဲ့ ငါက သူ့ကို လက်ကာပြပြီး ပြုံးပြုံးလေးပဲ -

''တော်ပါတော့ကွာ ... အခုအချိန်ထိ မင်းက ငါ့ကို နောက်လို့ပြောင်လို့ ကောင်းတုန်းပဲကိုး''

ငါ့စကားကြောင့် သူ တော်တော်ဒေါသထွက်သွားပုံရတယ်၊ ငါ့ရဲ့ကားစတီယာရင်ကို လှမ်းကိုင်ပြီး ဒေါသသံကြီးနဲ့-

''ကဲ ... ရှင့်ကို ရွှေစင် လက်တွေ့ပြမယ်''

အဲဒီ့နဲ့ ငါလည်း သရက်ပင်ကြီးနားမှာ ကား ကို ရပ်ပေးလိုက်ရတယ်၊ အဲဒီမှာ ထူးထူးဆန်းဆန်း ဘာကိုမြင်ရတယ်လို့ ထင်သလဲ၊ ငါမြင်ရတဲ့ဥစ္စာကို မင်းကိုပြောပြရင် မင်း တော်တော် အံ့အားသင့်သွား မှာပဲ၊ ပြီးတော့ ငါ့စကားကို မင်း ယုံမှာမဟုတ်ဘူး ငါက မင်းကို လုပ်ကြံလီဆယ်ပြီးပြောနေတယ်လို့ပဲ မင်း ထင်မှာပဲ၊ ဒီလိုကွ ...။

ငါမြင်လိုက်ရတဲ့အရာက တခြားတော့ မဟုတ် ဘူး ... ငါ့ဘေးကအမျိုးသမီးရဲ့ လက်နှစ်ဖက်ဟာ ရှေ့ကိုဆန့်ထွက်ပြီး သရက်ပင်ပေါ်က သရက်သီးတွေ တဖြုတ်ဖြုတ်နဲ့ ရိုက်ချနေတော့တာပဲ ...။

အဲဒီတုန်းက တကယ်လက်တွေ့ကြုံတွေ့လိုက် ရတဲ့ ငါ့ရဲ့အဖြစ်ကို မင်းပဲစဉ်းစားကြည့်လေ ... အမျိုး သမီးဟာ လူကသာ ကားထဲမှာထိုင်နေတာ၊ သူ့လက် နှစ်ဖက်ကတော့ ရှေ့ကို အရှည်ကြီး ဆန့်ထွက်နေတာ လေ ...။

ကြောက်တာရော အံ့အားသင့်တာရော ရောပြီး

မျက်လုံးအပြူးသားနဲ့ ကြည့်နေတဲ့ငါ့အဖြစ်ကိုကြည့်ပြီး သူက ဟက်ဟက်ပက်ပက် ရယ်တယ်၊ ငါကတော့ ဘာမှမပြောနိုင်ဘူး။ အသက်ကိုတောင် ဖြောင့်ဖြောင့် မရှူနိုင်တော့ဘဲ ကျောက်ဆစ်ရုပ်ကြီးတစ်ရုပ်လိုပဲ ငြိမ် နေလိုက်မိတာ ဘယ်လောက်အချိန်ကြာသွားတယ် မသိဘူး။ ငါ့ကားဘေးကို တခြားကားတစ်စီး ထိုးဆိုက်ပြီး ရပ်လာတော့မှပဲ ငါလည်း ပြန်ပြီး သတိဝင်လာတယ်၊

ငါ့ကားဘေးနားကို ထိုးရပ်လာတဲ့ ကားဆီကို လှမ်းကြည့်လိုက်မိတယ်၊ ဒီမှာတင် အသည်းထိတ်ပြီး အရမ်းကို ကြောက်စရာကောင်းတဲ့မြင်ကွင်းတစ်ခုကို ထပ်ပြီးမြင်ရပြန်တယ်၊ အဲဒါက ဘာလဲဆိုတော့ တစ် ဖက်ကားစတီးယာရင်ရဲ့နောက်မှာ ထိုင်နေတဲ့ ကား မောင်းသမားဆီမှာ ခေါင်းမပါဘဲ ခန္ဓာကိုယ်တစ်ခုတည်း ရှိနေတာကိုပဲ ...၊

ငါ့စိတ်တွေ အရမ်းချောက်ချားသွားပြီး နှလုံး လေရိုက်မတတ် ခံစားနေရတုန်းမှာပဲ အဲဒီခေါင်းပြတ်နဲ့ လူဆီက လက်ကြီးဟာ ရှည်ထွက်လာပြီး မီးခြစ်လှမ်း

တောင်းတဲ့အသံကို ကြားလိုက်ရတော့တာပဲ၊ ဒီမှာတင် ငါလည်း သွေးတက်ပြီး သတိလစ်သွားလိုက်တာ နောက်တစ်နေ့ မိုးတိတ်လို့ နေထွက်တဲ့အချိန်ကျတော့မှ ပဲ ငါလည်း ပြန်ပြီးသတိရလာတော့တာပဲ ...၊

အဲဒီအခါကျတော့ ဟိုသရဲမလည်း မရှိတော့ဘူး၊ ဟို ခေါင်းပြတ်နဲ့သရဲကိုလည်း မတွေ့ရတော့ဘူး၊ အဲဒါနဲ့ ငါလည်း ကားကို အမြန်ဆုံးနည်းနဲ့မောင်းပြီး သရဲခြောက်တဲ့ ခေမာရကို ကျော်ဖြတ်ထွက်ခဲ့တော့တာ ပါပဲ ...၊

ဟူး ... အဲဒီကတည်းကစပြီး ငါလည်း ခေမာရနဲ့ ပတ်သက်တဲ့လမ်းဆိုရင် ဘယ်တော့မှ မသွားတော့ဘူး မြတ်သူရေ"

ခေမာရမှ သရဲများနှင့် ကြုံတွေ့ခဲ့ရသည့် သူငယ်ချင်းဖြစ်သူ ရဲနောင်၏ နောက်ကြောင်းပြန်ဇာတ်လမ်းအကြောင်းကို စဉ်းစားတွေးတောပြီး ကားမောင်းနေခဲ့သည့် မြတ်သူ၏ရင်မှာ အလိုလိုနေရင်း မောကျပ်ချင်သလို ဖြစ်လာသည်။

သူငယ်ချင်းရဲနောင် ကြုံတွေ့ခဲ့ရသည့်အတိုင်းသာ ဆိုပါမူ ခေမာရတွင် အမှန်တကယ် သရဲတစ္ဆေများ ရှိနေသည့်ပုံပေပဲ။

ယခု ...

သူသည်လည်း ခေမာရထဲ စတင်ဝင်ရောက်မိခဲ့ပြီဖြစ်သည်။

မနက်ပိုင်းကတည်းက အဆက်မပြတ်ရွာသွန်းနေခဲ့သည့် မိုးသည် အခု ညမိုးချုပ်ရောက်သည့်တိုင် မတိတ်ပါလေကား။ မိုးက ပို၍သည်းလာသလို မှတ်ထင်ရသည်။

သည်ကြားထဲ တိုက်ခတ်နေသည့် လေတိုက်ခတ်နှုန်းကလည်း စောစောပိုင်းကထက် ပိုမိုပြီး ပတ်ကြမ်းတိုက်လာသည်ဟု မှတ်ထင်ရသည်။

ဘေးတစ်ဖက်တစ်ချက်သည့် လူနေအိမ်မြေများ ကျဲလာသည်။

ရှိနေသည့်အိမ်တွေကလည်း တစ်အိမ်နှင့်တစ်အိမ် အတော်လေးအလှမ်းဝေးသည်။

ထို့ထက်မှာမူ တစ်ဖက်တစ်ချက်တွင် အများဆုံးမြင်

တွေ့နေရသည်က အလေ့ကျပေါက်နေသည့် ချုံနွယ်ပိတ်ပေါင်းများနှင့် မြက်ရိုင်းပင်ရှည်ကြီးများပဲ ဖြစ်ပါတော့၏။

သို့ကြောင့်လည်း မျက်စိတစ်ဆုံးမှာ မီးအလင်းရောင်ကို တွေ့ချခြင်းမရှိတော့ဘဲ သိပ်သည်းနက်ရှိုင်းလွန်းလှသော အမှောင်ထုကိုသာ မြင်တွေ့နေရပါ၏။

အမှန်တော့ ...

ယခုလို ညမှောင်မှောင်မည်းမှာ သည်လမ်းခရီးကို မသွားသင့်သည်မှာတော့ အမှန်ပင်။

သို့တစေ သူ့ဖိခင်ဖြစ်သူ၏ ကျန်းမာရေးအခြေအနေ ကိစ္စ ဖြစ်နေသည်ဆိုတော့လည်း သည်ခရီးလမ်းကို မသွား၍ မဖြစ်ပါ။

နှလုံးရောဂါခံစားနေရသော သူ့ဖိခင်ဖြစ်သူ၏ ကျန်းမာရေးအခြေအနေက သိပ်ပြီးမကောင်း။ အသက်ကိုမီချင်လျှင် အချိန်မီ မြို့င်သာယာသို့ အရောက်လာခဲ့ပါဟု ဖုန်းဆက်ခေါ် လိုက်သည့် ဖခင်ဖြစ်သူ၏ အမှာစကားကြောင့်လည်း သူသည် ယခုကဲ့သို့ ကားကို အလျင်စလို မောင်းနှင်ခဲ့ခြင်းပဲ ဖြစ်ပါလေ တော့၏။

သူ့အနေဖြင့် မည်သည့်အနှောင့်အယှက်နှင့်ပင် ကြုံဆုံရပါစေ ... ထိုအနှောင့်အယှက်တို့ကို ဖြတ်ကျော်ပြီး သူ့မိခင်ရှိရာ မြို့သာယာဆီသို့ အရောက်သွားရမည်သာ ဖြစ်သည်။

မိုးလေထန်ရှုံမကလို့ မိုးသက်မုန်တိုင်းကြီးပဲ တိုက်ခတ်နေပါစေ ... သူ့မိခင်ရှိရာ မြို့သာယာဆီသို့ အချိန်မီ ရောက်ရှိသွားဖို့ပဲလိုသည်။

သူ့မိခင်သည် နှလုံးရောဂါဖောက်လာမှုကြောင့် မြို့သာယာရှိ ဆေးရုံသို့ တင်ထားရသည်။ သူ့မိခင်၏ ကျန်းမာရေးအခြေအနေက သိပ်မကောင်းဟု တယ်လီဖုန်းမှတစ်ဆင့် ကြားသိထားရသည်။

သို့မို့ကြောင့်လည်း သူသည် သူ၏လုပ်ငန်းပိုင် ကုမ္ပဏီကိစ္စတွေကို လက်ထောက်နှင့်လွှဲထားပြီး ယခုကဲ့သို့ အလျင်စလိုအရင်ထွက်လာခဲ့ခြင်းပဲ ဖြစ်ပါ၏။

ခေမာရထဲသို့ စပြီးဝင်လာကတည်းက သူ့စိတ်တွေလှုပ်ရှားချင်သလိုဖြစ်မိသည် အမှန်။

သူငယ်ချင်းရဲခနောင် ကြုံတွေ့ခဲ့ရသည့် အကြောင်းခြင်းရာများကို ပြန်လည်ကြားယောင်မိလိုက်သည့်အခါမှာတော့ ကြက်

သီးမွေးညှင်းများထလာ၍ ကျောထဲက စိမ့်အေးချင်လာမိသည့် အမှန်။

သူသည် ဝိညာဉ်လောက အထူးသဖြင့် ပရလောကသားများနှင့်စပ်လျဉ်း၍ ယုံသည်လည်း မဟုတ်၊ မယုံသည်လည်း မဟုတ်ပါ။

ဒီကနေ့ စာပေလောကနှင့် ရုပ်ရှင်လောကတွင် သရဲတစ္ဆေ၊ ကဝေ၊ ဝိညာဉ်လောကသား၊ ပရလောကသား အစရှိသည်တို့ဖြင့် နေရာယူ မင်းမူနေကြပြီဖြစ်သည်။ ဤနိုင်ငံတွင်သာ မကပါ။ နိုင်ငံတကာတွင်ပင် ထိုအကြောင်းအရာများနှင့်စပ်လျဉ်း၍ ဖြန့်ဖြူးနေပြီဖြစ်သည်။

အချို့ဆိုလျှင်ပင် ထိုသရဲများနှင့်စပ်လျဉ်း၍ အမှန်တကယ် လက်တွေ့ကြုံဆုံခဲ့ရသည်ဟု ကာယကံရှင်များကိုယ်တိုင် ဖွင့်ဟဝန်ခံထားသည့် ဇာတ်လမ်းဇာတ်ကွက်အချို့ကို နိုင်ငံခြားမှ ထုတ်ဝေသည့် စာစောင်စာအုပ်များတွင်သာမက ဤနိုင်ငံမှ ထုတ်ဝေသည့် စာစောင်စာအုပ်များတွင်ပါ သူဖတ်ဖူး မှတ်သားဖူးပြီး ဖြစ်သည်။

ထို့ထက်မှာမူ ...

သရဲတစ္ဆေနှင့်စပ်လျဉ်း၍ သူ့သူငယ်ချင်း ရဲနောင်ကိုယ်တိုင် ကြုံဆုံခဲ့ရသလို အဖြစ်အပျက် အကြောင်းအရာကလည်း ရှိနေသေးသည်မဟုတ်လား။

မိုးက ပိုမိုပြီး သည်းလာသည် ထင်ရသည်။

လေက ပိုပြီးပတ်ကြမ်းတိုက်လာသည်ဟု မှတ်ထင်ရသည်။

လမ်းဘေးတစ်ဖက်တစ်ချက်ရှိ အလေ့ကျပေါက်ရောက်နေသည့် သစ်ပင်ကြီးတွေကလည်း ပို၍ လှုပ်ယမ်းယိမ်းထိုးလာကြ၏။

ရုတ်တရက်ကြည့်လိုက်လျှင် ...

ညအမှောင်ထုအောက်မှာ တစ္ဆေသရဲ နာနာဘာဝကောင်ကြီးတွေက ခုန်ပျော်မြူးထူးနေကြသည့်အတိုင်းပဲ ဖြစ်ပါ၏။

တစ်ခုတော့ တော်သေးသည်ဆိုရမည်။ ခရီးစပြီးထွက်လာကတည်းက ဓာတ်ဆီကို အလုံအလောက် ထည့်လာခဲ့သောကြောင့်ဖြစ်သည်။

ကားကို အဆက်မပြတ် မောင်းခဲ့ရသောကြောင့်လား

မသိ ဝမ်းဗိုက်ထဲက အလိုလိုနေရင်း ဆာလောင်လာသလိုရှိသည်။

အခုမှ သတိရသလို ရှိလာသည်။

သူ ခရီးသာ ထွက်ခဲ့ရသည်။ ခရီးမထွက်မီက စားသောက်ခဲ့ရသည့် ပေါင်မုန့်မီးကင်တစ်ချပ်နှင့် ကော်ဖီတစ်ခွက်သာ သူ့ဝမ်းဗိုက်ထဲမှာ ရှိနေသည်ပဲ။

ထို့မျှ အစာမထည့်လျှင် နောက်ထပ် ခရီးဆက်ဖို့ဆိုသည်က မလွယ်ရေးချ မလွယ်ပါ။

'ထိုစဉ် ...

မျက်နှာချင်းဆိုင်မှ အပြင်းမောင်းနှင်လာနေဟန် ရှိသည့် ကားတစ်စီး၏ ရှေ့မီးကြီးအလင်းရောင်တန်းကို မြင်တွေ့လိုက်ရသည်။

ထိုကားဆီမှ အလင်းရောင်တန်းကြီးက စူးစူးဝင့်ဝင့်ရှိလှသည်။

ပြီးတော့ ထိုမီးအလင်းရောင်တန်းက မြတ်သူ၏ မျက်နှာတည့်တည့်ဆီသို့ ထိုးထားနေခြင်းပဲဖြစ်ပါ၏။

ထိုမီးအလင်းရောင်တန်း၏ ထိုးနေမှုကို မခံနိုင်သော

ကြောင့်လည်း မြတ်သူသည် ကားကို လမ်းဘေးသို့ထိုးချကာ ရှေ့ဆက်မသွားတော့ဘဲ ဂီယာချိန်းပြီး ဘရိတ်ကို ဖိနင်းထား လိုက်ပါသည်။

မီးရောင်ထိုးထားသည့်ကားသည် ရှောင်လွှဲသွားခြင်းမရှိဘဲ သူ့ကားတည့်တည့်ဆီသို့ နင်းတိုက်လာနေပါတော့၏။

မြတ်သူ၏ရင်တွေ အစုန်မြန်သွားသည်။ အသည်းရင် လှိုင်းမှာ ဘောင်ဘင်ခတ်သွား၏။

သို့နှင့်အမျှ ဂီယာကို အလျင်အမြန်ထိုး၍ ကားမောင်း ထွက်ဖို့ ကြိုးစားလိုက်ပါ၏။

သို့တစေ ...

ထူးထူးဆန်းဆန်းဆိုသလိုပင် တစ်ခါဖူးမျှ မကြုံတွေ့ ဖူးသည့် ဖြစ်ရပ်ဆန်းတစ်ခုနှင့် ကြုံတွေ့လိုက်ရပါ၏။

ယင်းမှာ ဂီယာထိုး ဘရိတ်နင်းထားသည့် ခြေထောက် ကို ဖယ်လိုက်သည့်တိုင် ကားက လုံးဝထွက်မရဘဲ ဖြစ်နေသည်။

ထိုစဉ်မှာပင် ...

မီးရောင်ထိုး၍ ကမ္ဘာရှုးထိုး ထိုးဝင်ရောက်လာသည့် ကားသည် သူ၏ကားနှင့် ခေါင်းချင်းဆိုင်မိသွားသည်။

ဒီတစ်ခါတော့ သွားပြီဟု အောက်မေ့မိလိုက်ရာက လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်ထားလိုက်မိတော့သည်။

သို့တစေ အတော်ကြာသည်အထိ မည်သည့်အသံကိုမျှ မကြားရပါ။

ကားချင်းတိုက်သံ၊ ကားစက်သံ၊ ဘာအသံဆို ဘာ အသံမျှ မကြားရပါ။

စိတ်သည် မယုံသင်္ကာမကင်းဖြစ်လာသောကြောင့် မျက်လုံးအစုံကို မရဲတရဲဖွင့်ကြည့်လိုက်မိသည်။

"ဟင်"

သူ့နှုတ်ဖျားမှ အံ့အားသင့်သည့်အသံက လွှတ်ခနဲ ထွက် သွား၏။

သူမျှော်လင့်ထားသကဲ့သို့ မော်တော်ကားတစ်စီးစီး၏ အရိပ်အယောင်ကိုမျှ မတွေ့မြင်ရသောကြောင့် ဘေးပတ်ဝန်းကျင် တစ်ဝိုက်ဆီသို့ ကျီးကန်းတောင်းမှောက် မျက်လုံးအစုံဖြင့် လှည့် ပတ်ကြည့်မိသည်။

တစ်နည်းအားဖြင့် ...

မီးတိုင်း၍ ဝါးလုံးထိုးမောင်းဝင်လာသည့် ထိုကား၏

အရိပ်အယောင်ကို မြင်ရလိုမြင်ငြား လှည့်ပတ်ရှာဖွေမိလိုက်ခြင်းပဲ ဖြစ်ပါ၏။

မူလပထမအတိုင်းပင် မည်သည့်ထူးခြားချက်ကိုမျှ မတွေ့မြင်ရပါ။

မီးကြီးထိုး၍ မောင်းဝင်လာသည့် ထိုကားအား အရိပ်အယောင်မျှပင် မတွေ့မြင်ရပါ။

ဘာတွေလဲ …။

ဘာတွေဖြစ်ကုန်တာလဲ …။

ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးမေးခွန်းထုတ်ရင်း သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင် ကြီးချလိုက်မိသည်။

နောက်ဆုံးအနေဖြင့် သူ့အနေနှင့် အဖြေထုတ်မိလိုက်တာတော့ သူ့သူငယ်ချင်း ရဲနောင်ကဲ့သို့ သူသည်လည်း သရဲအခြောက်ခံလိုက်ရပြီဆိုသည့်အဖြစ်ကိုပင်။

သရဲမှ ရိုးရိုးသရဲ မဟုတ်ပါ။

ကားသရဲ ဖြစ်ပါ၏။

ဤသည်ပင် ခေမာရသို့အဝင်တွင် ဈေးဦးပေါက် သရဲအခြောက်ခံလိုက်ရခြင်းပဲ ဖြစ်သည်ထင်သည်။

ယခု ကြုံတွေ့လိုက်ရသောအဖြစ်ကြောင့် သူ့ရင်မှာ မောကျပ် နွမ်းနယ်သွားသလို ခံစားလိုက်ရသည် အမှန်။

ရှေ့ဆက်သွားရမှာကိုတောင် စိတ်ထဲမှာသိပ်ပြီးမရဲချင်သလို ဖြစ်သွားမိတော့သည်။

မိုးတွင်းကြီးအချိန်ကာလမှာပင် သူ့တစ်ကိုယ်လုံး ချွေးစေးတွေ စိုပြန်ထွက်နေသည်။ အသက်ကိုလည်း ပြင်းစွာ ရှူနေမိသည်။

ဘာပဲဖြစ်ဖြစ် ...

သူ့အနေဖြင့် မြို့ငသာယာသို့ အရောက်သွားရမည်သာ ဖြစ်သည်။

သူ၏မိခင်ရှိရာဆီသို့ အရောက်သွားရမည်သာ ဖြစ်သည်။

စိတ်ဆုံးဖြတ်ချက်ချရင်း လီဘာကို အသာဖိနင်းလိုက်မိသည်။

သည်တစ်ခါတော့ ထူးဆန်းအံ့ဩဖွယ်ကောင်းလောက်အောင် ကားက ရှေ့သို့ တရှိန်ထိုးခြင်း ပြေးထွက်ခဲ့သည်။

ဘယ်လောက်ဒေါသထွက်စရာ ကောင်းလိုက်ပါသလဲ

လို့။

စောစောတုန်းက မျက်နှာချင်းဆိုင်ဆီက အဲသည်ကား၊ သရဲ စီးထိုးပြီးမောင်းဝင်လာတုန်းက လီဘာကို ဖိနင်းထားတာ တောင် ဒီကားက လုံးဝမထွက်ရေးချ မထွက်ပေ။

အခုကျတော့လည်း လီဘာကို အသာလေးတော့ပြီး နင်းလိုက်ရုံနှင့် ကားက ရှေ့ဆီသို့ ဝူးခနဲထွက်သွားလိုက်တာ စောစောတုန်းက ဘာမှမဖြစ်သည့်အတိုင်းပါပဲလား။

"ဟူး"

ခေမာရက စပြီးဆီးကြိုလိုက်ပုံကတော့ တကယ့်ကို အောချလောက်ပါရဲ့။

ဝင်စမှာတောင် အခုလောက် အခြောက်ခံရရင် ရှေ့ဆက်သွားလို့ကတော့ နောက်ထပ် ဘယ်လောက်တောင် သရဲ အခြောက်ခံရနိုင်မည် မသိ။

တွေးမိရုံနှင့်ပင် ရင်မောစရာကောင်းလှပါမိပေသည်။

မိုးမင်းကတော့ အငြိုးပြင်းစွာဖြင့် ဆက်လက်ရွာသွန်း နေဆဲ။

လေကလည်း ထန်နေဆဲ။

သစ်ပင်ကြီးတွေကလည်း နာနာဘာဝကောင်ကြီးတွေလို လှုပ်ယမ်းယိမ်းကနေဆဲ။

***

ရွှေပဒေသာစာပေ

# အခန်း (၃)

စောစောတုန်းက ကြုံတွေ့လိုက်ရသည့်အဖြစ်ကြောင့် ဝမ်းဗိုက်ဆာနေသည်များ မေ့မေ့လျော့လျော့ဖြစ်သွားမိသည် အမှန်။

ယခုမှတစ်ဖန် စိတ်က အနယ်ပြန်ထိုင်သွားသောအခါ မှာတော့ ဝမ်းဗိုက်က ပြန်လည်ဆာလောင်လာပြန်သည်။

ညဥ့်နက်လာသည်နှင့်အမျှ လူမှာ အလိုလိုနေရင်း ဒိုက် မျဉ်းချင်လာသည်။

မျက်လုံးအစုံမှာ လေးစင်းလာသည်။

ဝမ်းဗိုက်ကို ဖြည့်တင်းလျှင် ဖြည့်တင်း။ ဒီလိုမှမဟုတ် ကားကို လမ်းဘေးတစ်နေရာမှာ ထိုးရပ်လိုက်ပြီး အားရပါးရ အိပ်စက်အနားယူ။

ပြင်း ... ဒုတိယအကြံက သိပ်မဟန်ဘူး။

ကားရပ်ပြီး အိပ်မောကျနေတုန်း သရဲတို့ ကျွတ်တို့ ရောက်လာပြီး ဒုက္ခပေးသွားမှဖြင့် ဟုတ်ပေ့ဖြစ်နေဦးမည်။

သို့နှင့် ဒုတိယအကြံကို ဦးနှောက်ထဲကနေ ဖယ်ထုတ် လိုက်သည်။

အကောင်းဆုံးကတော့ ပထမအကြံဖြစ်သည့် ဆာ လောင်နေသည့်ဝမ်းဗိုက်ကို ဖြည့်တင်းဖို့ဖြစ်သလို ဝမ်းဗိုက်ဖြည့် တင်းဖို့ဆိုသည်ကလည်း အရေးကြီးသည်မှာ စားသောက်ဆိုင် တစ်ဆိုင်ဆိုင်ကို တွေ့မြင်ရဖို့ပဲဖြစ်သည်။

ခက်သည်က ...

ယခုလိုမျိုး ညမိုးကြီးမိုးချုပ် မိုးမှောင်ကြီးကျနေသည့် အချိန်ကာလမျိုးမှာ စားသောက်ဆိုင်တွေကရော ဖွင့်ထားပါ့ မလား။

သည်လိုစဉ်းစားလိုက်ပြန်တော့လည်း စိတ်မှာ မောကျပ်

သွားရပြန်ပါ၏။

အင်းလေ ... ဘာပဲဖြစ်ဖြစ်ပေါ့ ကုသိုလ်ကံပဲပေါ့။

စားသောက်ဆိုင်တွေ့တော့လည်း ကားကိုထိုးရပ်ပြီး အစားအသောက်တွေ ဝင်စားလိုက်ရုံပဲပေါ့။

မတွေ့ရတော့လည်း ဘာဖြစ်သေးလဲ။ ဒီအတိုင်း ခရီးဆက်လိုက်ရုံပဲပေါ့လေ။

အမေ့ထံ အချိန်မီရောက်ဖို့စိတ်တစ်ခုကလွဲ၍ အခြားဘာကိုမှ သိပ်ပြီး မက်မက်မောမော မရှိလှသည့် မြတ်သူသည် နောက်ဆုံး သို့နှယ်ပင် စိတ်ဆုံးဖြတ်ချက်ချကာ ဖြေသိမ့်လိုက်မိပါ၏။

❋

ကားကို ဆက်၍မောင်းလာခဲ့သည်။

သူ့စိတ်အလိုဆန္ဒ ပြည့်ဝသွားသည်လို့မဲ ပြောရမည်လား မသိ။

မကြာမီမှာပင် မီးရောင်ထိန်ထိန်ထွန်းထားပြီး ညလုံးပေါက်ဖွင့်ထားဟန်ရှိသည့် စားသောက်ဆိုင်ကြီးတစ်ဆိုင်ကို မကြာမီမှာပင် တွေ့မြင်လိုက်ရပါတော့၏။

ခေမာရမှာ ရှိသမျှလူတွေအားလုံး ဤစားသောက်ဆိုင်တွင် လာရောက်စုဝေးနေကြသည်လားမသိ။

စားသောက်ဆိုင်ကြီးထဲတွင် စားသောက်သူတို့ဖြင့် ပြည့်နှက်နေလိုက်သည်မှာ ပျားပန်းခပ်မျှ ဖြစ်သည်။

အံ့ဩစရာကောင်းလိုက်သည့်မြင်ကွင်းတစ်ရပ်ပဲ ဖြစ်နေပါ၏။

ဘာပဲဖြစ်ဖြစ် သည်လိုနေရာမျိုးမှာ သည်လိုဆိုင်မျိုးကို တွေ့လိုက်ရသည့်အတွက် နတ်ကောင်းနတ်မြတ်တို့ကို ကျေးဇူးတင်ရပေမည်။

မြတ်သူသည် ဆာလောင်မွတ်သိပ်မှုဖြင့် လမ်းခရီး တစ်လျှောက်လုံး မောပန်းနွမ်းနယ်ခဲ့သမျှ တစ်ခါတည်း အမောပြေပျောက်သွားသလို ရှိသည်။

ကားကိုလည်း ထိုစားသောက်ဆိုင်ရှေ့တွင် ထိုးရပ်လိုက်မိသည်။

စားသောက်ဆိုင်ရှေ့သို့ ကားတစ်စီး ထိုးဆိုက်လာသည့် အဖြစ်ကို ဆိုင်တွင်းမှလူတွေ၏စိတ်မှာ သိပ်ပြီးထူးဆန်းပုံမရပေ။

မည်သူတစ်ဦးတစ်ယောက်မျှ သူ့ကားဆီသို့ အာရုံစူးစိုက်လာကြခြင်း မရှိပါလေ။

အားလုံး ရယ်ကာ မောကာ၊ စားကာ သောက်ကာဖြင့် ဆူညံလှုပ်ရှားနေကြပါ၏။

တကယ့်ကို စိတ်ကြည်နူးစရာကောင်းသလောက် အံ့သြဖို့လည်း အင်မတန်ကောင်းသည့် ထူးထူးဆန်းဆန်းမြင်ကွင်း တစ်ရပ်ပါပဲ။

စားသောက်ဆိုင်နာမည်ကိုလည်း ကြည့်ပါဦး။

'ခေမာရ သရဲကောင် စားသောက်ဆိုင်'

ဟု သစ်သားဆိုင်းဘုတ်တွင် ရေးထိုးထား၏။

အမှန်တကယ် နာမည်အစစ်အမှန်မှာ ခေမာရ သူရဲကောင်း စားသောက်ဆိုင် ဖြစ်သည်ထင်သည်။

'သရဲ'စာလုံးတွင် 'သ'၌ နှစ်ချောင်းငင်ပြုတ်နေခြင်း ဖြစ်မည်။

ထို့အတူ 'ကောင်း'စာလုံးတွင်လည်း ဝစ္စပေါက်ပြုတ်နေသောကြောင့် 'ကောင်'ဖြစ်နေခြင်းပဲ ဖြစ်မည်ထင်သည်။

မြတ်သူက ထိုစားသောက်ဆိုင်တွင် ရေးသားထားသည့်

တကြောင်းနှင့်စပ်လျဉ်း၍ သည့်နှယ်ပင် တစ်ထစ်ချသာ မှတ်ယူလိုက်မိပါ၏။

မြတ်သူသည် ကားတံခါးဖွင့်၍ အောက်သို့ဆင်းသည်။ ခေါင်းကို လက်မိုး၍ ဆိုင်ထဲသို့ ပြေးဝင်ခဲ့သည်။ ထိုင်ခုံလွတ်မည့်နေရာကို ရှာကြည့်သည်။

တွေ့ရပါ၏။

ဆိုင်၏ ညာဘက်ထောင့်နားတွင် လူသုံးယောက် စုဝေးထိုင်နေကြသော်လည်း ထိုင်ခုံတစ်လုံးကတော့ လွတ်နေပါ၏။

မြတ်သူ ထိုစားပွဲဝိုင်းဆီသို့ လျှောက်ခဲ့သည်။

"ဒီခုံမှာ လူရှိသလားခင်ဗျာ"

မြတ်သူက ထိုသုံးယောက်ထဲမှ တစ်ယောက်ကို တရိုတသေပင် မေးလိုက်ပါ၏။

ဘာကြောင့်လဲ မသိ။ ထိုသူသည် မြတ်သူ၏အမေးကို အဖြေမပေးဘဲ သွားကြီးအဖြဲသားဖြင့် မျက်နှာကိုသာ စိုက်ကြည့်နေသည်။

မြတ်သူ စိတ်မရှည်တော့သလို ဖြစ်လာမိသည်။

သည့်လူ နားများထိုင်းနေရော့သလားဟုလည်း စိတ်ထဲ

က တွေးထင်မိလိုက်ရာမှ တစ်ဆက်တည်း ထိုသူ့ဘေးနားရှိ အခြားသူတစ် ယောက်အား မေးရန် အကြံဖြစ်မိသည်။

"ဒီမှာ ဒီမှာ ... ဒီခုံမှာ လူရှိသလားခင်ဗျာ"

ထိုဒုတိယလူကလည်း ပဌမလူကဲ့သို့ပင် အမေးစကားကို အဖြေမပေးဘဲ မြတ်သူ၏မျက်နှာကို တစိုက်မတ်မတ်ကြည့်ပြီး ပြုံးရယ်နေပြန်သည်။

မြတ်သူ ဒေါသထွက်သွားသည်။

နောက်ထပ် တတိယလူကို မေးနေပြန်လျှင်လည်း ရှေ့လူနှစ်ယောက်ကဲ့သို့ ရှိနေမည်မို့ ဘာမှထပ်မေးမနေတော့ဘဲ လွတ်နေသည့်ထိုင်ခုံကို အသာဆွဲယူ ထိုင်လိုက်မိပါတော့၏။

ထူးထူးဆန်းဆန်း သတ္တဝါတစ်ကောင်ကို ဝိုင်းပြီးကြည့်သည့်အကြည့်ဖြင့် သူတို့သုံးယောက်က မြတ်သူကို စူးစူးစိုက်စိုက် ကြည့်လာကြပါ၏။

သူတို့၏အကြည့်တွေကြောင့် မြတ်သူ အလိုလိုနေရင်း စိတ်ကျဉ်းကျပ်ချင်လာသည်။

ဘာကြောင့်များ သူတို့သုံးယောက်သည် သူ့အမေးစကားကို မဖြေကြားဘဲ မျက်နှာကိုပဲ ကြည့်နေကြပါလိမ့်။

မြတ်သူ၏စိတ်ထဲမှာ အမြေဖြရှာရင်း မျက်လုံးအကြည့်က သူတို့၏ရှေ့ရှိ စားသောက်စရာတွေဆီသို့ ကျရောက်သွား၏။

အံ့ဩဖွယ်ကောင်းလှေချွ။

သူတို့ရှေ့မှာရှိနေသည့် အစားအသောက်တို့မှာ ခေါက်ဆွဲကြော်လည်း မဟုတ်ပါ။

အရက်နှင့်တွဲဖက်ကာ စားရသည့် အမြည်းလည်း တစ်ခုမှမပါ။

တကယ်ဖွာင်းရှိနေသည့် အစားအသောက်မှာ ...

ပဲကြီးလှော်အပြည့်ထည့်ထားသည့် ဇလုံတစ်လုံး၊ လက်ဖက်ရည်ကရားအိုးတစ်လုံးနှင့် အကြွပ်းပန်းကန်သုံးလုံးသာ ဖြစ်သည်။

စိတ်ထဲမှာ သံကာမကာင်းရှိတာကြောင့် အခြားစားပွဲဝိုင်းတွေဆီသို့ မျက်လုံးအကြည့် ရောက်သွားတော့လည်း ပဲကြီးလှော်ပန်းကန်နှင့် အကြွပ်းပန်းကန်လုံးတွေကိုသာ တွေ့ရသည်။

ဘာတွေလဲ ...။

ဘာတွေဖြစ်နေပါလိမ့် ...။

အစားအသောက်ဆိုင်ဆိုလျှင်လည်း အစားအသောက်

နှင့်ပတ်သက်သည့် ပစ္စည်းများကိုသာ တွေ့ရှိရမည် ဖြစ်သည်။

ယခုတော့ ...

စားသောက်ဆိုင်နှင့် မည်သို့မျှ ပတ်သက်ဆက်စပ်မှု မရှိသည့် ပစ္စည်းတွေကိုသာ စားပွဲဝိုင်းတိုင်းမှာ တွေ့မြင်နေရပါ၏။

ပြီးတော့ သူထိုင်ခုံတွင် အကျအနဝင်ထိုင်လိုက်မိသော်လည်း မေးမည့်မြန်းမည့်သူ စားပွဲထိုးနှင့်တူသူ တစ်ယောက်မှ ရောက်မလာပါ။

အမှားအယွင်းတစ်ခုခုတော့ မလွဲမသွေ ရှိနေပြီထင်သည်။

စိတ်ထဲမှာ တွေးမိရင်း လက်ငင်း ပစ္စက္ခအခြေအနေကို မကျေမနပ်ဖြစ်သွားခဲ့ရာက နှုတ်မှ အသံထွက်သွားမတော့သည်။

"ဟိတ် ဟိတ် ... မင်းတို့ဆိုင်မှာ လာစားသောက်ကြတဲ့ လူတွေကို လာပြီးမေးမယ့် စားပွဲထိုး တစ်ယောက်မှမရှိကြတော့ဘူးလားကွ ... ဟေ"

သူ့အသံကြောင့် ထင်သည်။

သူ့ရှေ့မှာထိုင်နေကြသည့် လူသုံးယောက်သည် ပါးစပ်အဟောင်းသားဖြင့် သူ့အား ကြည့်လာကြသည်။

သူတို့၏အကြည့်က ထူးထူးဆန်းဆန်း သတ္တဝါ တစ်ကောင်အား လှမ်းကြည့်ကြသည့်အကြည့်မျိုး ဖြစ်သည်။

"မိတ်ဆွေ ... အခုနက ဘာမေးလိုက်တာလဲ"

သူတို့သုံးယောက်ထဲမှ အလယ်လူက မျက်မှောင်ကြုတ်၍ မေးသည်။

မြတ်သူကလည်း စိတ်မရှည်သလို ဝေါက်ဆတ်ဆတ် လေသံဖြင့် ပြန်ပြောမိသည်။

"ဟာဗျာ ... ကျုပ်မေးတာ ရှင်းရှင်းလေးပါ။ ဆိုင်ထဲဝင်လာပြီး အကျအနထိုင်နေတာတောင်မှ ဘယ် စားပွဲထိုးတစ်ယောက်တလေမှ လာပြီးမမေးကြတာကို ပြောတာပါ"

ဘာကြောင့်လဲ မသိပါ။

သူတို့သုံးယောက်သည် တစ်စုံတစ်ရာကို အဖြေရှာနေ သလိုမျိုး တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ကြ

သည်။

သူတို့ကိုကြည့်ပြီး မြတ်သူ၏စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားရသည်။

သို့မို့ကြောင့်လည်း စိတ်ထဲမှာ အောင့်အည်းမထားနိုင်ဘဲ ပြောင်ဖွင့်မေးလိုက်မိပါ၏။

"မိတ်ဆွေ နေရာမှားလာပြီနဲ့တူတယ်"

သူတို့သုံးယောက်ထဲမှ အလယ်လူက မြတ်သူအား အပြစ်တင်သလို ပြောလာပါ၏။

မြတ်သူ မျက်မှောင်ကိုသာ ကြုတ်လိုက်မိလျက် ...

"ဘာဗျ ... ကျုပ်က နေရာမှားလာတယ် ... ဟုတ်လား"

ထိုသူတစ်ဦး ခေါင်းညိတ်ပြလျက် တစ်ဆက်တည်း -

"ဟုတ်တယ်လေ၊ မိတ်ဆွေ နေရာမှားလာတာတော့ အမှန်ပဲဗျ"၊

"နို့ နေစမ်းပါဦး ... ဒီဟာက စား[illegible]ာက်ဆိုင် မဟုတ်ဘူးလား။ အပြင်မှာ စာတန်းရေးထားတာ ကျုပ်တွေ့သားပဲ၊ ခေမာရသူရဲ့ကောင်းစားသောက်ဆိုင်

လို့လေ"

မြတ်သူက သူဖတ်မှတ်ခဲ့သည့် စားသောက်ဆိုင်နာမည် ကို ရေရွတ်ပြလိုက်၏။

ဘာကြောင့်လဲ မသိပါ။ ထိုသူသည် ဦးခေါင်းကိုသာ တွင်တွင်ကြီးယမ်းခါပြလျက် –

"ကျွတ် ကျွတ် ... အဲဒါကိုက မိတ်ဆွေ အမှားကြီးမှားနေတာပဲ၊ မိတ်ဆွေက စားသောက်ဆိုင်ရဲ့ နာမည်ကို ဖတ်လိုက်တာ ကိုယ်တွေးချင်သလိုတွေးပြီး ယူဆချင်သလို ယူဆလိုက်တာနဲ့ တူတယ် ...၊

အမှန်တော့ မိတ်ဆွေကြီး အခုရွတ်ပြသွားတဲ့ စားသောက်ဆိုင်ရဲ့နာမည်ကိုက မှားနေတာပဲဗျ။ မိတ် ဆွေကြီးက ဆိုင်နာမည်ကို သေသေချာချာကြည့်ပြီး မဖတ်မိဘူးနဲ့ တူတယ်နော်"

ယခုအချိန်အထိ မြတ်သူသည် ထိုသူ၏စကားအဓိပ္ပာယ် ကို နားလည်သဘောပေါက်ခြင်း မရှိတော့ပါ။

သို့မို့ကြောင့်လည်း မြတ်သူသည် ဦးခေါင်းထက်ရှိ ဆံနက်ဆံစတို့ကို လက်ဖြင့်ကုတ်ဖွလိုက်လျက် စိတ်ပျက် ညည်း

ညှုသံကြီးဖြင့် –

"အင်း ... ကျုပ်တော့ နည်းနည်းတောင် ဦးနှောက်ချောင်ချင်လာပြီ၊ ခင်ဗျား ဘာပြောချင်တယ်ဆိုတာကို ကျုပ်တော့ ဘယ်လိုမှနားမလည်နိုင်အောင်ဖြစ်နေပြီဗျာ"

"ကျုပ်ပြောတာ ရှင်းရှင်းလေးပါ ... ဒီဆိုင်နာမည်က ခင်ဗျားပြောသလို ခေမာရသူရဲကောင်း စားသောက်ဆိုင် မဟုတ်ဘူးဗျ၊ ခေမာရသရဲကောင် စားသောက်ဆိုင်လို့ ရေးထားတာဗျ ...၊

အဲဒါကို ခင်ဗျားက ခင်ဗျားအယူအဆနဲ့ခင်ဗျားခွဲယူလိုက်တာကိုး၊ အင်း ... မိတ်ဆွေကြီးက ဒီကခေမာရအကြောင်းကို မကြားဖူးသေးဘူးနဲ့တူတယ် ... ဟုတ်လား"

မြတ်သူသည် သူငယ်ချင်းဖြစ်သူ ရဲနောင်ထံမှ ခေမာရအကြောင်းကို သိသင့်သလောက် ကြားသိထားပြီးဖြစ်သော်လည်း မသိကျိုးကျွန်ပြုလျက် မေးလိုက်မိပါ၏။

"ဆိုစမ်းပါဦး ... ဒီခေမာရမှာ ဘာတွေဖြစ်နေ

လို့လဲ''

သည့်တွင်လည်း ထိုသူသည် မေးစေ့ပေါ်ရှိ မုတ်ဆိတ်ငုတ်တိုလေးများကို လက်ဖြင့် အသာပွတ်သပ်လျက် လေအေးကလေးနှင့် လှမ်းပြောခဲ့ပုံက –

''ဒီခေမာရမှာ ကျုပ်တို့ သရဲတို့ တစ္ဆေတို့အရမ်းကို ခြောက်လှန့်တတ်တယ်လေ၊ ဒီကိုရောက်လာကြတဲ့ လူစိမ်းတိုင်း အခြောက်အလှန့် ခံခဲ့ကြရတာပဲ၊ နို့ ... ခင်ဗျားကော လမ်းခရီးမှာ အခြောက်အလှန့် မခံခဲ့ရဘူးလား''

''အင်း ... ခင်ဗျားပြောမှပဲ ကျုပ်လည်း လမ်းမှာကြုံခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုကို ပြန်ပြီး သတိရလိုက်တယ်ဗျာ''

''ဆိုစမ်းပါဦးဗျာ ... ခင်ဗျားကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံလေးကို''

ထိုသူက စိတ်ပါဝင်စားစွာ ပြန်မေးလာခဲ့ပြီမို့ မြတ်သူသည် လမ်း၌ကြုံတွေ့ခဲ့ရသော ကားသရဲအကြောင်းကို ဖွင့်ပြောပြလိုက်ပါ၏။

"အဲဒီကားက မီးကြီးထိုးပြီး ကျုပ်ရဲ့ကားတည့် တည့်ကို မောင်းဝင်လာတာဗျ၊ ကျုပ်လည်း ကြောက် အားလန့်အားနဲ့ မျက်စိကို မှိတ်ထားလိုက်မိတာပေါ့၊ ဒါပေမဲ့ အတော်ကြာတဲ့အထိ ကျုပ်ရဲ့ကားဆီကို ဘယ် ကားမှ ဝင်မလာဘူး" ...။

အဲဒါနဲ့ ကျုပ်လည်း မျက်စိကို ပြန်ပြီးဖွင့်လိုက် တော့ စောစောတုန်းက ကျုပ်ရဲ့ကားတည့်တည့်ဆီ ဝင် လာတဲ့ ကားရဲ့အရိပ်အယောင်ကို လုံးဝမတွေ့ရတော့ဘဲ ပျောက်ခြင်းမလှ ပျောက်နေတော့တယ် ...။

စိတ်ထဲက မသက်သာလို့ ဘေးပတ်ဝန်းကျင် လှည့်ပတ်ကြည့်လိုက်တော့လည်း ဘယ်ကားရဲ့အရိပ် အယောင်ကိုမှ မတွေ့ရတော့ဘူးဗျ ...။

အဲ ... ထူးဆန်းတာတစ်ခု ရှိတယ်ဗျ၊ အဲဒါက ဘာလဲဆိုတော့ အဲဒီကား ကျုပ်ကားတည့်တည့်ဆီ မောင်းပြီးဝင်လာတုန်းက ကျုပ်ရဲ့ကားကို လီဘာနင်းပြီး တခြားနေရာကို မောင်းထွက်ဖို့ကြိုးစားတာ လုံးဝမရ ဘူးဗျ၊ လီဘာကို အဆုံးအထိ ဖိနင်းထားတာတောင်မှ

ကားက တုတ်တုတ်တောင်မလှုပ်ဘူး ...၊

အဲ ...အဲဒီကားလည်း ပျောက်သွားရော ကျွပ်ရဲ့ကားလည်း မောင်းထွက်လို့ရရောဗျို့၊ အဲဒီအဖြစ်က မထူးဆန်းဘူးလားဟင်"

"ဟာ ... သိပ်ကိုထူးဆန်းတာပေါ့ဗျာ၊ ဒီထက်ထူးဆန်းတာ ရှိသေးတယ်၊ အဲဒါက ဘာလဲဆိုတော့ ဒီစားသောက်ဆိုင်ကို ပိတ်ထားတာ သုံးရက်ရှိပြီဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီစားသောက်ဆိုင်ပိုင်ရှင်က လွန်ခဲ့တဲ့ နှစ်ရက်ကျော်ကျော်လောက်က သေသွားပြီလေ"

"ဗျာ"

ကြားလိုက်ရသည့်စကားကြောင့် မြတ်သူခမျာ အံ့အားသင့်သည့်စိတ်ကြောင့် နှုတ်မှ ဗျာခနဲ အာမေဋိတ်သံ လွှတ်ထုတ်လိုက်မိသည်။

သို့နှင့်အမျှ စားပွဲဝိုင်းတိုင်းတွင် ပဲကြီးလှော်ပန်းကန်နှင့် ရေနွေးကြမ်းအိုးတွေ ဘာကြောင့်ရှိနေရသည်ဆိုသည့်အဖြစ်ကိုလည်း သဘောပေါက်သိနားလည်လိုက်မိရပါတော့၏။

"ဩော် ဩော် ... ဒါကြောင့် လာတဲ့ညည်

သည်တွေကို ပဲကြီးလှော်နဲ့ ညှော်ခံနေတာကို။ ကဲ ...
ထားပါတော့၊ ဒါနဲ့ သူက ဘာရောဂါနဲ့သေသွားရတာတဲ့
လဲ''

မြတ်သူသည် ဘာရယ်မဟုတ်သော်လည်း စပ်စပ်စုစု
ပြုလိုက်မိပါ၏။

''ဒီလူနာက အစကတည်းက နှလုံးရောဂါအခံ
ရှိနေတယ်လေ၊ သူသေမယ့်ညတုန်းက သူ အိမ်သာ
တက်နေတုန်း လွန်ခဲ့တဲ့တစ်နှစ်လောက်က ကားတိုက်ခံ
ရပြီး သေသွားတဲ့ သူ့မိန်းမ ရွှေစင်က ကိုယ်ထင်ပြပြီး
သရဲလာခြောက်တာနဲ့ နှလုံးလေရိုက်ပြီး ခဏကြာတော့
အသက်ထွက်သွားတော့တာပဲလေ ...၊

အင်း ... ဒီကနေ့မနက်ပဲ သူ့အလောင်း မြေ
ကျသွားတယ်လေ''

ကြားရလည်တို့က တကယ့်ကို စိတ်မချမ်းမြေ့စရာ
သတင်းစကားဖြစ်နေသည်။

မိန်းမဖြစ်သူက ကားတိုက်ခံရပြီး သေဆုံးသွားသည်။
ဒါက လွန်ခဲ့သည့်တစ်နှစ်ခန့်က ဖြစ်သည်။

ထိုတစ်နှစ်ခန့်က သေဆုံးသွားသည့် မိန်းမဖြစ်သူက လင်ယောကျ်ားဖြစ်သူအား ကိုယ်ထင်ပြပြီး သရဲခြောက်လာသော ကြောင့် ဆိုင်ရှင်ဖြစ်သူမှာလည်း နှလုံးလေရိုက်ကာ အသက် သေဆုံးသွားရပြန်သည်။

တကယ်တမ်း တွေးကြည့်လျှင် ...

မဖြစ်သင့်သောကိစ္စတွေသာ ဖြစ်သည်။

အသက်မသေသင့်သော ကိစ္စတွေသာ ဖြစ်သည်။

တကယ်တော့ ...

ခေမာရသည့် မကောင်းဆိုးဝါးများ မင်းမူအုပ်စိုးထား သည့် နေရာဌာနတစ်ခုဆိုက မှားမည်မဟုတ်ပါ။

သည်မကောင်းဆိုးဝါးတွေ ကြီးစိုး လွှမ်းမိုးထားတာ ကြောင့်လည်း ဤနေရာဤဒေသတွင် မဖြစ်သင့်တာတွေ ဖြစ် ပျက်နေခဲ့ခြင်းပဲ ဖြစ်ပါ၏။

ဖြစ်ပျက်ကြုံခဲ့သမျှတို့ကို တွေးကြည့်လျှင် ရင်မော စရာလည်း ကောင်းသလို စိတ်မောစရာလည်း ကောင်းနေသည် အမှန်။

အရေးကြီးသည်မှာ ...

ဤခေမာရကို မြန်မြန်ဆန်ဆန် ကျော်ဖြတ်သွားနိုင်ဖို့ပဲ လိုသည်။

အပြင်တွင် မိုးမင်းက စိုးစဉ်းမျှ လျော့ပါးသွားခြင်းမရှိဘဲ အုံးအင်သရောဖြင့် အဆက်မပြတ် ရွာသွန်းနေဆဲဖြစ်သည်။ လေကလည်း ထန်နေဆဲဖြစ်သည်။

ကြည့်စမ်း ...

မိုးခြိမ်းသံတွေကိုပင် ကြားလာရပါပကောလား။

တစ်ချက်တစ်ချက် ပြိုးပြက်လိုက်သလို လျှပ်ရောင်တန်းကြီးတွေကလည်း ဝင်းခနဲ လက်ခနဲ။

မည်သို့ပင်ဖြစ်စေ ...

သူ့အနေဖြင့် ဒီလူတွေကြားထဲမှာ မနေသင့်တော့ပြီ။ သည်နေရာကို စွန့်ခွာသင့်ပြီ ဖြစ်သည်

ဤနေရာသည် သူနှင့် မည်သို့မျှ မပတ်သက် မစပ်ဆိုင်သည့်နေရာတစ်နေရာ ဖြစ်သွားခဲ့ပြီပဲမဟုတ်လား။

သူ ထိုင်ရာမှထရပ်လိုက်ပါ၏။ ထိုင်ခုံကို နောက်သို့ခြေဖြင့် တွန်းဖယ်လိုက်သည်။

သူ့လှုပ်ရှားမှုကိုကြည့်ပြီး သူတို့သုံးယောက်ထဲမှ အလယ်

လူက ပါးစပ်အဟောင်းသားဖြင့် သူ့အား လှမ်းကြည့်ပြီး -

"ဟာ ...မိတ်ဆွေကြီးက သွားတော့မလို့လား"

မြတ်သူက ခေါင်းညိတ်ပြလိုက်လျက် -

"အင်း ...သွားမှဖြစ်တော့မယ်လေ၊ ဒီနေရာက ကျုပ်နဲ့ မအပ်စပ် မပတ်သက်တော့တဲ့ဥစ္စာ၊ ဘာမှ မဆိုင်တော့တဲ့ ဒီနေရာမှာ ကျုပ် ဆက်ပြီးနေလို့ကရော ဘာများထူးလာမှာမို့လို့လဲ"

"နေပါဦး ...အပြင်ဘက်မှာ ဒီလောက် လေကြီးမိုးကြီး ထန်နေတဲ့ဥစ္စာကို၊ ပြီးတော့ လမ်းခရီးမှာ ရေတွေပြည့်လျှံပြီး ဟိုဘက်မသွားနိုင်၊ ဒီဘက်မသွားနိုင် ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ၊ လမ်းတွေပိတ်ဆို့နေရင်ကော"

ထိုသူက ဖြစ်နိုင်ခြေရှိသည်တို့ကိုပြောပြီး သူ့အား တားဆီးစကားဆိုသည်။

ဟုတ်တော့လည်း ဟုတ်သည်။

သူပြောသကဲ့သို့ပင် မိုးကြီးလေကြီးကျနေသလို သည်

လိုအချိန်ခရီး၌ လမ်းတွင် ရေတွေပြည့်လျှံကာ ယမ်းတွေပိတ်ဆို့ကောင်း ပိတ်ဆို့နေနိုင်သည်ပဲ။

သည်လိုသာဆိုလျှင် သူ့အနေဖြင့် ရှေ့သို့ ခရီးဆက်နိုင်တော့မည် မဟုတ်ပါပေ။

သို့သော် ဘာပဲဖြစ်ဖြစ် ဒီလူတွေကြားထဲမှာ ဆက်လက်နေလိုစိတ်မရှိတော့သည်မှာလည်း အမှန်ပင်။

ပြီးတော့ သည်နေရာက ရိုးရိုးသာမန်ညေ့ခံပွဲ ကျင်းပနေသည့်နေရာလည်း မဟုတ်ပေ။

သည်ကနေ့မှ မြေကျသွားသည့် အသုဘတစ်ခု၏ ညေ့ခံပွဲကျင်းပရာ နေရာဖြစ်နေသည်။

"ဟုတ်ကဲ့ . . . စေတနာနဲ့ အခုလို သတိပေးတာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျုပ်အနေနဲ့ မြို့င်သာယာကို မသွားလို့မဖြစ်ဘူး . . .၊

ဘာဖြစ်လို့လဲဆိုတော့ မြိုင်သာယာမှာရှိနေတဲ့ ကျုပ်အမေရဲ့ကျန်းမာရေးအခြေအနေက သိပ်မကောင်းဘူး။ အမေ့ဆီကို ကျုပ် အချိန်မီသွားချင်သေးတယ်လေ၊ ကဲ . . . ကျုပ် သွားတော့မယ်ဗျား၊ ကျုပ်ကိုခွင့်ပြုကြ

ဦး"

မြတ်သူက လှည့်ထွက်မည်အပြု ထိုသူက လက်ပြပြီး တားလျက် -

"ခဏနေပါဦး ... ကျုပ်တို့ရဲ့နာမည်တွေကိုလည်း မှတ်သွားဦးလေ၊ နောက်ကို လမ်းမှာတွေ့ရင် ခေါ်နိုင်ပြောနိုင်ဦးဖို့ပေါ့၊ ကျုပ်ရဲ့နာမည်က ကျော်နိုင်၊ သူ့ရဲ့နာမည်က စိုးသိမ်း။ ဟိုက တစ်ယောက်ကတော့ ရဲနောင်တဲ့"

"ဗျာ"

သူတို့သုံးယောက်၏နာမည်တွေကို ကြားလိုက်ရသည်နှင့် မြတ်သူ တော်တော်ကြီးအံ့အားသင့်သွားလျက် ဗျာဟု အာမေဍိတ်သံ လွှတ်ထုတ်လိုက်မိသည်။

"ဘာ ဘာဖြစ်လို့လဲဗျ"

ကျော်နိုင်က မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ထစ်ငေါ့စွာ ပြန်မေးသည်။

မြတ်သူသည် လှုပ်ရှားသွားသည့် သူ့စိတ်ကို သူပြန်ပြီး ထိန်းချုပ်လိုက်ရာမှ တည်တည်ငြိမ်ငြိမ်ရှိသည့်အသံဖြင့်ပင် -

"ဪ တခြားမဟုတ်ပါဘူး . . . ခင်ဗျားတို့ရဲ့ နာမည်တွေကို ကြားလိုက်ရတော့ ကျုပ်ရဲ့စိတ်ထဲမှာ တော်တော်ကြီးကို အံ့အားသင့်သွားမိလို့ပါ၊ ဘာဖြစ်လို့လဲ ဆိုတော့ ခင်ဗျားတို့ရဲ့နာမည်တွေက ကျုပ်နဲ့ အင်မတန် ရင်းနှီးတဲ့ ကျုပ်မိတ်ဆွေသုံးယောက်ရဲ့နာမည်တွေနဲ့ တစ်ထပ်တည်း တူနေလို့ပဲလေ . . .၊

ကဲ . . . အံ့အားသင့်စရာ မကောင်းဘူးလား ဗျာ"

မြတ်သူ၏အမေးကို ကျော်နိုင်က ပြုံးမျက်နှာပေးဖြင့်မင် ဦးခေါင်းညိတ်ပြလျက် –

"သိပ်ကို အံ့အားသင့်ဖို့ ကောင်းတာပေါ့ဗျာ၊ အင်း . . . ထူးလည်း တော်တော်လည်းထူးဆန်းတာပဲ နော်၊ ကဲ ကဲ . . . ခင်ဗျား ကလည်း သိပ်ပြီးသွားချင်နေ တဲ့လူဆိုတော့ သွားပေဦးတော့ပေါ့ဗျာ၊ ကံဆုံတဲ့တစ်နေ့ ကျတော့ ပြန်ဆုံကြတာပေါ့လေ"

ထိုသူက ခွင့်ပေးလိုက်သည့်နောက် မြတ်သူသည် သူတို့ သုံးယောက်ကို ကျောခိုင်းစွာ လှည့်ထွက်ခဲ့သည်၊

ကြောက်စရာသရဲ ၆၉

အပေါက်ဝနား ရောက်ခါနီးကျမှ သူ့နာမည်ကို ထိုသူသုံးယောက်အား ပြောမပြခဲ့ရသည့်အဖြစ်ကို သွား၍ သတိရမိလိုက်သည်။

အင်းလေ ... အခုမှတော့ မထူးတော့ပါဘူး။

ငါ့နာမည်ကို သူတို့သိသွားလို့လည်း ဘာများထူးသွားမှာမို့လို့လဲ။

နောင်ကို သူတို့နဲ့ငါက ပြန်ဆုံဖြစ်ချင်မှ ဆုံဖြစ်မှာပဲဥစ္စာ။

ကိုယ့်စိတ်ကိုယ် ဖြေသိမ့်ရင်း ဆက်လက်လျှောက်ထွက်ခဲ့ရာမှ အပေါက်ဝဆီဘေးဘက်တွင် ချထားသည့် နာရေးကြော်ငြာဆိုင်းဘုတ်ဆီသို့ မျက်လုံးအကြည့် ရောက်သွား၏။

ကွယ်လွန်သူ

ဦးမြတ်သူ

အသက် (၃၈) နှစ်

——၂၀၁၂ နေ့တွင် ကွယ်လွန်ပြီး

——၂၀၁၃ နေ့တွင် သင်္ဂြိုဟ်ပြီးစီးသည်။

ထိုနာရေးကြော်ငြာပါ ဆုံးသွားသူအမည်နာမကြောင့် သူ၏ရင်မှာ ဒိန်းခနဲ ဖြစ်သွားသည်။ စိတ်တွေ အရမ်းလှုပ်ရှားသွား၏။

ချက်ချင်းလက်ငင်းပင် လှုပ်ရှားသွားလာနေသည့် သွေးကြောတွေ တုံ့ရပ်ဆိုင်းသွားသလို ခံစားလိုက်ရလျက် အသက်ရှူပင် မှားသွားရပါတော့၏။

ကြည့်ပါဦးတော့ ...။

သေဆုံးသွားသူ၏အမည်နာမက သူ့နာမည်နှင့် တစ်ထပ်တည်း တူနေသလိုပဲ မဟုတ်လား။

ပြီးတော့ အသက်အရွယ်ကရော အတူတူပဲလေ။

ဘာတွေ ဘယ်လိုဖြစ်ကုန်ပါလိမ့်။

သည်ကို့ရောက်ခါမှ တူညီမှုတွေနှင့်ချည်း ကြုံဆုံနေရပါလား။

သူ့စိတ်ဆွေသုံးယောက်နာမည်နှင့် ထိုလူစိမ်းသုံးယောက်၏ နာမည်ကလည်း တူသည်။

ယခု တစ်ဖန် ...

သေဆုံးသွားသူ၏နာမည်ရော အသက်အရွယ်ပါ သူနှင့်

တစ်ထပ်တည်း တူနေပါလား။

မဟုတ်မှလွဲရော ...

အမှားအယွင်း တစ်ခုခုတော့ မလွှဲမသွေ ရှိနေပြီထင်သည်။

တိုက်ဆိုင်တူညီမှုတွေနှင့် ဆုံစည်းကြုံဆုံနေရသောကြောင့်လည်း မြတ်သူမှာ လက်ငင်းပစ္စုပ္ပန်မှာ ကြုံဆုံနေရသည့် ထိုအခြေအနေကို သင်္ကာမကင်းဖြစ်လာရသည်။

မြတ်သူသည် မရဲတရဲဖြင့် နောက်ဘက်ဆီသို့ သမင်လည်ပြန် လှည့်ကြည့်လိုက်မိသည်။

"ဟင်"

အလွန်အမင်း အံ့အားသင့်စရာကောင်းလွန်းလှသည့် မြင်ကွင်းတစ်ရပ်ကို မြင်တွေ့လိုက်ရသောကြောင့်လည်း အံ့အားသင့်စိတ်ဖြင့် နှုတ်မှ ဟင်ခနဲ အာမေဍိတ်သံ လွှတ်ထုတ်လိုက်မိတော့သည်။

ကိုယ့်မျက်စိအမြင်များ မှားနေရော့သလား။

စိတ်အထင်ဖြင့် မြင်တွေ့နေရသည့်မြင်ကွင်းကို မျက်စိပွတ်၍ အကြိမ်ကြိမ် ကြည့်မိသည်။

၅။ သန်းမြင့်ဦး

သို့စဉ်တိုင် လက်ငင်းပစ္စကမှာ မြင်ကွင်းကတော့ မိုးစဉ်းမျှ ပြောင်းလဲသွားခြင်းမရှိပါပေ။

အင်မတန်မှ အံ့ဩစရာကောင်းလိုက်သည့် မြင်ကွင်း။

ပြောမယုံ ကြုံဖူးမှသိရမည့် အဖြစ်မျိုးပါပဲ။

ကြည့်စမ်းပါဦးတော့ ...။

စောစောတုန်းက ဤဆိုင်ကြီးထဲတွင် လူတွေ ခန်းလုံးပြည့်မျှ ရှိနေသည်မှာ ထိုင်ခုံလွတ်ပင် မရှိသလောက် ဖြစ်သည်။

သူတောင် ထိုင်ခုံတစ်နေရာစာ ရရှိဖို့အတွက် မနည်းပင် ရှာကြံယူခဲ့ရသည်။

ယခုတော့မူ ...

စောစောတုန်းက မြင်တွေ့လိုက်ရသည့် လူတွေအားလုံး မြေလျှိုးမိုးပျံသွားသကဲ့သို့ ကြက်ပျောက်ငှက်ပျောက် ဖြစ်သွားသည်မှာ တစ်ယောက်မျှပင် မကျန်တော့ပါလေတော့။

အံ့ဩစရာကောင်းလိုက်သည့်ဖြစ်ခြင်း။

လောလောဆယ် ကြုံတွေ့လိုက်ရသည့် မယုံနိုင်စရာ အဖြစ်အပျက်ကြောင့် မြတ်သူ၏တစ်ကိုယ်လုံး ဖျဉ်းခနဲဖြစ်သွားပြီး ကြက်သီးမွေးညင်းများပင် ထသွားရသည်။

တကယ်တော့ . . .

သူသည် မကောင်းဆိုးဝါးများ၏ လှည့်စားမှုဒဏ်ကို ကောင်းကောင်းကြီးခံလိုက်ရပြီဖြစ်ကြောင်း သိနားလည်လိုက်ရသည်နှင့်အမျှ သူ့အနေဖြင့် ဤနေရာတွင် ကြာရှည်ရပ်တန့်နေဖို့ မသင့်တော့ကြောင်း သိနားလည်လိုက်မိတော့၏။

မြတ်သူသည် ကားဆီသို့ အလျင်အမြန်သွားကာ ကားတံခါးဖွင့်၍ စက်နှိုးပြီးမောင်းထွက်ခဲ့သည်။

'ဝူး . . ဖေါ်'

စိတ်ဇောအဟုန်က မြန်ဆန်လွန်းနေတာကြောင့်လည်း ကားလီဘာကို အဆုံးအထိ ဖိနင်းထားမိသည်။

အတော်လှမ်းလှမ်းသို့ ရောက်ရှိတော့မှ မြတ်သူသည် နောက်ဘက်ဆီသို့ မသို့မသာ သမင်လည်ပြန်လှည့်ကြည့်လိုက်မိသည်။

စောစောတုန်းက မီးတွေ ထိန်ထိန်လင်းပြီး လူတွေစည်ကားနေသည့် ထိုနေရာတစ်ဝိုက်တွင် မရှိတော့သလို မီးရောင်ပုံလည်း စိုးစိမျှမရှိတော့ဘဲ မှောင်နှင့်မည်းမည်း ဖြစ်နေပါလေပြီ။

မျက်လှည့်ပြလိုက်သလိုပင် ထိုနေရာတစ်ဝိုက်တွင်

ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည့်အဖြစ်ကို မြင်တွေ့နေရသည်။

"ဟူး"

တကယ်တော့ ခေမာရတွင် တွေ့မြင်ရသမျှ အရာခပ်သိမ်းတို့သည် ဘာတစ်ခုမှ ယုံကြည်နိုင်စရာ မရှိပါလား။

တွေ့ဆုံကြုံနေသမျှ အရာခပ်သိမ်းတို့သည် မျက်လှည့်ပြပွဲမှာ တွေ့မြင်နေရသည့် အတုအယောင် ပြကွင်းပြကွက်တွေချည်းပါပဲလား။

သူ့အနေဖြင့် ဤခေမာရကနေ အမြန်ဆုံးထွက်သွားနိုင်ဖို့ပဲ အရေးကြီးသည်။

ဤအတုအယောင် နေရာဌာနကနေ အမြန်ထွက်သွားနိုင်မှပင် သူ့အဖို့ အသက်ကို ဖြောင့်ဖြောင့်တန်းတန်း ရှူနိုင်တော့မည်ဖြစ်သည်။

သို့မဟုတ်ပါမူ ဤခေမာရထဲမှာတင် အတုအယောင်တွေနှင့် တစ်လည်လည် ဖြစ်နေရတော့မည်ဖြစ်သည်။

အကောင်းဆုံးက ဤခေမာရကနေ ထွက်သွားနိုင်ဖို့ပဲ။

သည်နည်းနှင့်ပင် စိတ်မှာ ဆုံးဖြတ်ချက်ချလျက် ကားကို ဆက်မပြတ် မောင်းနှင်ခဲ့မိတော့သည်။

မိုးက အဆက်မပြတ် ရွာသွန်းနေဆဲ။
လေကလည်း ထန်ထန်ပြင်းပြင်း တိုက်ခတ်နေဆဲ။
လက်ကနာရီကို အမှတ်မထင် ငုံ့ကြည့်လိုက်တော့
ဆယ်နာရီခွဲပြီး၍ ဆယ့်ငါးမိနစ်ပင် ရှိနေပြီ။
မကြာမီ ဆယ့်တစ်နာရီပင် ထိုးတော့မှာပါလား။

* * *

# အခန်း (၄)

လောကကြီးတွင် ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ခွင့်ရသည်မျိုးမှ မဟုတ်ပဲ။

အရာခပ်သိမ်းကို ကိုယ်ဖြစ်စေချင်သည့်အတိုင်း ဖြစ်ခွင့်ရမည်သာဆိုပါမူ သင်္ခါရ သဘောတရားသည်လည်း ရှိတော့မည်မဟုတ်။

ထို့အတူ ပြောင်းလဲခြင်းတရားသည်လည်း ရှိချေတော့မည် မဟုတ်ပါ။

ယခုပင် ကြည့်လေ ...

မကောင်းဆိုးဝါးကောင်တွေ စိုးမိုးနေသည့် ဤခေမာရကနေ အလွတ်ရုန်းထွက်မည်အကြံဖြင့် ကားကို အဆက်မပြတ်မောင်းနှင်ခဲ့သည်။

သူ ကိုးမိုင်တိုင်တံတားနားသို့ အရောက်တွင် မိုးကာအင်္ကျီဝတ်အင်္ကျီနှင့် လူနှစ်ယောက် လက်နှိပ်ဓာတ်မီးထိုးပြပြီး ကားဟန့်တားခြင်းကို ခံလိုက်ရသည်။

အင်း ...ပြဿနာပဲ။

ဘာများဖြစ်ပြန်ပြီလဲ မသိ။

စိတ်ထဲကတွေးပြီး အဖြေရှာရင်း ကားကို အရှိန်လျှော့ကာ ထိုလူနှစ်ယောက်အနားသို့ ရပ်ပေးလိုက်သည်။

တင်ထားသည့် မှန်တံခါးကိုလည်း ချ၍ဖွင့်ပေးလိုက်ရသည်။

တစ်ယောက်က ကားနားသို့ကပ်လာပြီး ခါးကိုကိုင်းလိုက်ပါ၏။

ကားအတွင်းမီးရောင်ဖြင့် မြင်တွေ့လိုက်ရသည့် ထိုသူ၏မျက်နှာသည် တွေ့မြင်ရသူအဖို့ အတော်ပင် စိတ်တုန်လှုပ်စရာကောင်းနေသည်က အမှန်။

ညာဘက်မျက်လုံးက ပေါက်ပက်၊ နှာတံက ပိပိပြား ပြား။ နှုတ်ခမ်းက ထော်နေရသည့်အထဲ သွားကလည်း ခေါ်နေ သေးသည်။

ပြီးတော့ ညာဘက်ပါးပြင်ပေါ်တွင်လည်း ဒဏ်ရာ အနာ တရ တစ်ခုခုရခဲ့မှုဖြင့် ချုပ်ရိုးရာကြီးက အထင်းသား။

စိတ်တုန်လှုပ်ချောက်ချားစရာတွေနှင့်မှ ဝန်းကြုံးဆို ရင်ဆိုင်ခဲ့ရသည့် ပြတ်သူသည် ထိုသူ့မျက်နှာကို ကြည့်ပြီး ရင်မှာ တဒိန်းဒိန်းဖြစ်၍သွားသည်အမှန်။

အသည်းနှလုံးတွေ ပြောင်းဆန်သွားသလို ခံစားမိလိုက် ရသည်မှာလည်း အမှန်ပင်။

ထိုထက်မှာမူ ...

ယခုမြင်တွေ့နေရသည့် ဒီလူနှစ်ယောက်ကရော လူ သားစင်စစ်တွေမှ ဟုတ်ပါရဲ့လား။

ခေမာရရဲ့ မကောင်းဆိုးဝါးတွေထဲမှ မကောင်းဆိုးဝါး ကောင်တွေပဲလား။

သူတို့ကိုကြည့်ပြီး အတွေးသံသယပွားမိသည်။

''ဒီမှာ မိတ်ဆွေ ... မိတ်ဆွေရဲ့ကား ရှေ့ကို

တိုးလို့ မရတော့ဘူး။ ချောင်းဖွဲရေတွေလျှံပြီး တံတားအခြေ အနေက သိပ်မကောင်းတော့ဘူး။ မိတ်ဆွေရဲ့ကားနဲ့ ဖြတ်သွားလို့ကတော့ တံတားကျိုးသွားမှာ သေချာ တယ်''

ဟာ… ရင်မောစရာမှ တကယ့်ကိုရင်မောစရာပါ လား။

သူ ဖြတ်သန်းသွားရမည့်ချောင်းက ရေလျှံပြီး ကူးဖြတ် သန်း သွားရမည့် သစ်သားတံတားကလည်း ကျိုးကျတော့မည် ဆိုပါလား။

ပင်ပန်းတာနှင့်မှ ခြေခေါက်လဲကျသွားသူ တစ်ယောက် ကဲ့သို့ မြတ်သူ၏ရင်မှာ ဆို့သွားရသည်။

''ဟိုဘက်ကိုကူးနိုင်တဲ့ တခြားလမ်းရော မရှိ ဘူးလား ခင်ဗျာ''

ထွက်ပေါက်ရလိုရငြား သွေးတိုးစမ်းသလို မြတ်သူက မေးလိုက်မိပါ၏။

ထိုသူက ဦးခေါင်းကို မသိမသာ ယမ်းခါပြလျက် –

''မရှိဘူးခင်ဗျ။ ဟိုဘက်ကို ကူးဖြတ်နိုင်တဲ့လမ်း

ဆိုလို့ ဒီတစ်လမ်းပဲ ရှိတယ်ခင်ဗျ"

မျှော်လင့်ချက်က တစ်ခါတည်းကို ပျက်သုဉ်းသွားရပါတော့၏။

အင်း ... သည်အတိုင်းသာဆို သူ့အဖို့ ခေမာရရဲ့ မကောင်းဆိုးဝါးတွေကြားထဲကနေ အလွတ်ရုန်းထွက်နိုင်ဦးမည် မဟုတ်သေးပါ။

ဒီမကောင်းဆိုးဝါးကောင်တွေနှင့် ထပ်မံရင်ဆိုင်ရဦးမည်မှာ သေချာနေပြီ။

"အဲဒါ အခု ကျုပ် ဘာဆက်လုပ်ရမလဲ"

မြတ်သူသည် စိတ်ပျက်လက်ပျက်ဖြင့်ပင် အကြံဉာဏ်တောင်းခံသလို လှမ်းမေးလိုက်မိပါ၏။

ထိုသူက တစ်ခဏခန်း စဉ်းစားပြီး အကောင်းဆုံးအကြံဉာဏ်ကို ပေးခဲ့ပါ၏။

"အကောင်းဆုံးကတော့ မိတ်ဆွေကြီးရဲ့ကားကို နောက်ကြောင်းပြန်လှည့်သွားလိုက်ပေါ့ဗျာ၊ ပြီးရင် ဒီတစ်ည နှစ်ညလောက် တည်းခိုခန်းတစ်ခန်းခန်းမှာ ဝင်ပြီး နီနေလိုက်ပေါ့ဗျာ၊ ပြီးတော့မှ နေသာထိုင်သာရှိ

သွားမှ ခင်များသွားချင်တဲ့ဆီကို ဆက်ပြီးသွားတော့ပေါ့ဗျာ ...မဟုတ်ဘူးလား''

ဟင်း ...မတတ်နိုင်ပါတော့။

ထိုသူအကြံပေးသကဲ့သို့ပင် လိုက်နာကျင့်သုံးရတော့မည့် အခြေအနေပေပဲ။

အဲသလိုမှ မလုပ်ချင်လည်း မဖြစ်။

သူ့အဖို့ လမ်းဆုံးမရောက်မီ ရှာဖျက်တံတားပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေခဲ့ရပြီပဲ မဟုတ်လား။

''အေးဗျာ ...ကျေးဇူးပဲ၊ ဒီမှာ တည်းခိုခန်း ဘယ်နားမှာ ရှိသလဲဗျ''

''မိတ်ဆွေကြီးက သတိမထားမိလို့ ဖြစ်ပါလိမ့်မယ်၊ ဒီကနေ နောက်ကြောင်းပြန်သွားလိုက်လို့ တစ်နာရီလောက်ဆိုရင် ညာဘက်လမ်းဘေးမှာ စိတ္တသုခမြိုင် တည်းခိုခန်းဆိုတာ တွေ့ရလိမ့်မယ်၊ အင်း ...အဲဒီတည်းခိုခန်းမှာ တည်းခိုမယ်ဆိုရင်တော့ အဆင်ပြေနိုင်မှာပါ''

''အေးဗျာ ...အခုလို လမ်းညွှန်ပေးတာ

ကျေးဇူးပါပဲ၊ ကဲ . . . ခွင့်ပြုဦးဗျာ၊ သွားဦးမယ်''

မြတ်သူသည် ကားကို နောက်ပြန်ဆုတ်ခဲ့သည်။

ထို့နောက် ကားကို ဂငယ်ကွေ့ကွေ့၍ လာရာလမ်းအတိုင်း ပြန်လည်မောင်းထွက်ခဲ့သည်။

အင်း . . . ဒီဝဠ်သံသရာက ဘယ်တော့မှ လွတ်မှာပါလိမ့်။

ရှေးဘဝ အကုသိုလ်တရားက အခုဘဝသို့တိုင် သူ့နောက်သို့ လိုက်နေခဲ့သည်လား မပြောတတ်။

ဘာပဲဖြစ်ဖြစ် မြို့ငသာယာသို့ သူ အမီသွားလိုသည်။ နှလုံးရောဂါ အသည်းအသန်ဖြစ်နေသည့် သူ့မိခင်၏အသက်ကို အမီရောက်လိုသေး၏။

တွေးမိရင်းနှင့်ပင် မြတ်သူ၏ရင်မှာ တင်းကျပ်လာရသည်။

အသက်ရှူရသည်မှာလည်း ဝလင်လင်မရှိတော့သလို စိတ်မောလူမောဖြစ်ရမှုတို့က သူ့တစ်ကိုယ်လုံးကို ဖိစီးလာသည်။

မျက်လုံးတွေ ပြာဝေချင်လာသည်။

အစာမစားရသောကြောင့်လည်း ရင်ခေါင်းတွေတောင့်

ပြီး မျက်စိအမြင်မှာ မကြည်လင်ချင်တော့သလို ခပ်ဝါးဝါးဖြစ်လာရသည်။

သည်ခရီးထွက်လာမိသည်ကိုက အမှားကြီးတစ်ခုကို ကျူးလွန်မိသလိုများဖြစ်နေပြီလားမသိ။

အင်းလေ ... သည်လိုလည်း ပြော၍မရသေးပါ။

မွေးမိခင် ကျေးဇူးရှင်၏ အရေးကိစ္စပေပဲ။

သူ့အား ကိုးလလွယ် ဆယ်လဖွားနှင့် မွေးဖွားလာခဲ့သည့် မွေးမိခင်၏အရေးကိစ္စမို့ သည်မျှလောက်သောဒုက္ခတို့ကို သိပ်ပြီးအရေးထားနေဖို့တော့ မကောင်းပါ။

သည်နှယ်ပင် သူ့စိတ်သူ ဖြေသိမ့်ပြီး ကားကို ဖြည်းဆေးစွာပင် မောင်းနှင်ခဲ့ပေသည်။

လှုပ်ရှားလွယ်လွန်းနေသည့် သူ့စိတ်ကိုလည်း တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ထိန်းသိမ်းလာခဲ့သည်။

မျက်လုံးအကြည့်ကိုလည်း ဘေးဘီဝဲယာဆီသို့ လှမ်း၍ ကြည့်လာခဲ့သည်။

စိတ္တသုခမြို့ ဆိုသည့် တည်းခိုခန်းဆိုင်းဘုတ်ကို ကြည့်လာခဲ့သည်။ ယခုအချိန်အထိတော့ မတွေ့ရသေးပါ။

ဘာပဲဖြစ်ဖြစ် တည်းခိုခန်းထဲရောက်လို့ကတော့ တစ်ခါတည်း ခြေပစ်လက်ပစ် အနားယူပစ်လိုက်ဖို့ကို စိတ်ဆုံးဖြတ်ချက်ချလာခဲ့မိသည်။

မိုးမင်းကတော့ အငြိုးကြီးစွာဖြင့် ဆက်လက်စွာ သွန်းနေဆဲပါတည်း။

* * *

# အခန်း (၅)

အတော်ကြာကြာ မောင်းမိလိုက်သည်နှင့် လမ်းမကို ခေါင်းထွက်၍ လက်ပြတားနေသည့် ဖြူဖြူအရိပ်ကလေးတစ်ရိပ်ကို အမှတ်မထင် တွေ့မြင်လိုက်ရသည်။

လာပြန်ပြီး နောက်တစ်မျိုး။

စိတ်ထဲကတွေးပြီး ကားကို ကွေ့ပတ်ရှောင်မောင်းသွားဖို့ ဟန်ပြင်လိုက်မိသည်။

သို့တစေ ...

ထိုဖြူဖြူအရိပ်ကလေးသည် သူ့ကားသွားမည့် ဘက်သို့

နေရာပြောင်း၍ ရပ်တန့်လိုက်ရာမှ တစ်ဖန် လက်ပြ၍ တားဆီးနေပြန်သည်။

မြတ်သူ တော်တော်ကြီးကို စိတ်အနှောင့်အယှက် ဖြစ်သွားရပါ၏။

ပြဿနာမှန်သမျှ အားလုံးကို ရှောင်လွှဲသွားချင်ခါမှ နောက်ထပ်ပြဿနာက ထပ်ပြီးဝင်လာပြန်ပြီထင်သည်။

အင်းလေ ... ဒီပြဿနာကိုတော့ အဝင်မခံတော့ဘူး။

အကျယ်အကျယ် မငြိမ်းဖွယ် မဖြစ်ခင် ဒီပြဿနာကို မဖြစ် ဖြစ်သည့်နည်းဖြင့် အရင်ဖြေရှင်းထားလိုက်တာ အကောင်းဆုံးဖြစ်မည်လို့ ထင်သည်။

မြတ်သူသည် စိတ်ကိုတင်းပြီး ကားအရှိန်မလျှော့ဘဲ ထိုဖြူဖြူအရိပ်ဆီသို့ တန်းတန်းမတ်မတ်ပင် ကားကို မောင်းဝင်ခဲ့မိသည်။

ကြည့်စမ်း ...

ထိုဖြူဖြူအရိပ်ပိုင်ရှင်သည် ရပ်လက်စနေရာကနေ လုံးဝဖယ်သွားခြင်းမရှိဘဲ ရပ်လက်စနေရာမှာပင် ရပ်မြဲရပ်လျက်၊ လက်တားမြဲတားနေခဲ့ပါ၏။

သည့်တော့လည်း နောက်ဆုံးလက်ဖြောက်အရှုံးပေး လိုက်ရသူမှာ သူ မြတ်သူကိုယ်တိုင်ပဲ ဖြစ်ရပါတော့၏။

မြတ်သူသည် ကားဘရိတ်ကို ဖိနင်းချလိုက်မိပါတော့ ၏။

'ကျွီ ... အီ အီ'

အရှိန်ဖြင့်ပြေးနေခဲ့သည့် သူ့ကားလေးသည် ဘရိတ်ကို ရုတ်တရက် ဆောင့်နင်းချလိုက်သည့်အခါ ကားဘီးမှာ တရွတ် တိုက် ရှေ့သို့ ဆွဲထွက်သွား၏။

သည့်တစ်ခါတော့ ကားရှေ့မှ ဖြူဖြူအရိပ်ကို တိုက်မိပြီ ဟု စိတ်ထဲက တစ်ဆစ်ချတွက်ဆမိပြီး ဘုရားတထားလိုက်မိ သည်။

သို့ပေမယ့် ကားက ထိုဖြူဖြူအရိပ်ပိုင်ရှင်အား တိုက်မိ ခြင်းမရှိပါလေ။

ဒါကလည်း အခြားကြောင့်မဟုတ်ပါ။

ကားက ထိုဖြူဖြူအရိပ်ပိုင်ရှင်နှင့် လက်တစ်ကမ်းအကွာ အဝေးမှာ တုံ့ခနဲ ရပ်တန့်သွားသောကြောင့်ပဲ ဖြစ်ပါ၏။

အံ့ညြဖွယ်ကောင်းလေစွ။

မြတ်သူကိုယ်တိုင်ပင် တော်တော်ကြီးကို အံ့အားသင့်သွားမိသည်အမှန်။

လောလောလတ်လတ် ကြုံတွေ့လိုက်ရသည့် ဖြစ်ရပ်အပေါ်မှာလည်း မယုံကြည်နိုင်အောင် ဖြစ်သွားမိသည်။

သည့်ကြောင့်လည်း သူသည် ပါးစပ်အဟောင်းသားဖြင့်ပင် ရှေ့မှ ဖြူဖြူအရိပ်ပိုင်ရှင်ကို အကြောင်းသား လှမ်းကြည့်နေမိသည်။

ထိုဖြူဖြူအရိပ်ပိုင်ရှင်သည် ကားကိုပတ်၍ ဘေးပြတင်းပေါက်နားဆီသို့ ရောက်လာသည်။

"ဒီမှာရှင့် . . . ကျွန်မ ဒုက္ခရောက်နေလို့ ကားကြုံလိုက်ပါရစေလားရှင်"

ထိုဖြူဖြူအရိပ်ပိုင်ရှင်က တိုးလျှိုးတောင်းပန်သံလေးဖြင့် ခွင့်တောင်းသည်။

ကားကြုံလိုက်ခဲ့ချင်သည့်အကြောင်း။

အသံကိုကြားလိုက်ရတော့မှပင် ထိုဖြူဖြူအရိပ်ပိုင်ရှင်မှာ အမျိုးသမီးတစ်ဦးဖြစ်ကြောင်း သိနားလည်လိုက်ရသည်။

သို့ထက်မှာမူ ကားအတွင်းမှ မီးအလင်းရောင်အောက်မှာ

မြင်တွေ့နေရာ ထိုအမျိုးသမီး၏မျက်နှာလေးသည် ယော်ရွှမ်းနု၍ သည်နှင့်အမျှ အလွန်ပင်ချောမောလှပနေပါ၏။

မျက်ခုံး မျက်လုံးကောင်းသည်။

နှာတံဖြောင့်စင်းသည်။

မိုးရေစွတ်စိုမှုကြောင့် နှင်းဆီအငုံအဖူးနှယ် လေးကိုင်းသဏ္ဍာန် နှုတ်ခမ်းလွှာမှာ တဆတ်ဆတ် တုန်ယင်နေသည်။

ဘာပဲဖြစ်ဖြစ် ...

သည်လို ချောမောလှပသည့် အမျိုးသမီးကို သည်လိုနေရာမျိုးမှာ တွေ့မြင်နေရသည့်အတွက် စိတ်ထဲတွင် တစ်မျိုးတစ်မည်ဖြစ်မိသည်။

သည်အမျိုးသမီးသည်လည်း သူကြုံတွေ့ခဲ့ရသည့် အခြားသူတွေကဲ့သို့ပင် လူသားစင်စစ်မဟုတ်တဲ့ မကောင်းဆိုးဝါးများ ဖြစ်နေမည်လားမသိပေ။

သူ့ဆီမှ မည်သည့်အသံမျှ ပြန်ထွက်ပေါ်မလာသောကြောင့် ထင်သည်။

အမျိုးသမီးသည် သူ့အား စူးစူးဝင့်ဝင့် ကြည့်နေရာမှ မျက်မှောင်ကြုတ်လိုက်ပြီး စိတ်မရှည်သံဖြင့် လှမ်းပြောခဲ့ပုံက–

"ဘယ်လိုလဲရှင် . . . ဒီအတိုင်း ငြိမ်နေတော့မှာ လား။ ဒီမှာ မိုးရေထဲမှာ အကြာကြီးနေရလို့ ချမ်းလှပြီ ရှင့်၊ ကျွန်မကို ကားကြုံ လိုက်ခွင့်ပြုမယ် မပြုဘူးဆိုတာ ကိုလည်း ပြောဦးမှပေါ့ရှင်"

ငေါက်ဆတ်ဆတ်လေသံဖြင့် ပြောလာသည့် ထိုအမျိုး သမီး၏အသံကို ကြားလိုက်ရတော့မှပင် မြတ်သူသည် တွေဝေ ငေးငိုင်နေရာမှ ပြန်ပြီး သတိဝင်လာသလိုရှိသည်။

"အာ . . . မင်းက ဘယ်ကိုသွားမှာမို့လို့ ကား ကြုံလိုက်ချင်နေရတာလဲ"

အမျိုးသမီးသည် သူ့အား မျက်လွှာတစ်ချက်ပင့်ကြည့် ရင်း -

"ရှင်က အခု ဘယ်ကိုမောင်းမှာမို့လို့လဲ"

"ငါသွားမှာက မြိုင်သာယာကိုပဲ၊ အခု လမ်း မှာ ရေတွေတက်ပြီး လမ်းတွေပိတ်နေတယ်ဆိုလို့ ငါ နောက်ကြောင်းပြန်လှည့်လာတာပဲ"

"ဒါဖြင့် ရှင်က အခု ဘယ်ကိုသွားမှာတဲ့လဲ"

"ဒီတစ်ည နစ်ည တည်းလို့ရမယ့် တည်းခို

ခန်းကို လိုက်ရှာနေတာလေ"

သူက လိုရင်းတိုရှင်းပြောပြလိုက်သည့်နောက် အမျိုးသမီးက –

"အင်း . . . ဒါဆိုရင် အတော်ပဲ၊ ကျွန်မလည်း မြို့သာယာကို သွားမလို့ပဲ၊ ရွာမှာ လမ်းပိတ်နေပြီဆိုတော့ မြို့သာယာကိုသွားလို့ ဘယ်ဖြစ်တော့မလဲ၊ ရှင့်လိုပဲ ဒီတစ်ည နှစ်ည တည်းခိုနိုင်မယ့် တည်းခိုခန်းဆီကို ရှင်နဲ့အတူတူ လိုက်ခဲ့ရတော့မှာပေါ့ရှင်"

မြတ်သူဘက်မှ ဘာစကားမှမဆိုသေးမီ အမျိုးသမီးသည် ကားတံခါးဖွင့်၍ ဘေးသို့ စွေ့ခနဲဝင်ထိုင်လိုက်တော့၏။

ဘေးချင်းကပ်ထိုင်လိုက်တော့မှပင် အမျိုးသမီးဆီက သင်းပျံ့မွှေးကြိုင်သည့် အနံ့တစ်မျိုးကို ရှူရှိုက်မိလိုက်ရပါ၏။

ပန်းနံ့လိုလို၊ ရေမွှေးနံ့လိုလို . . . တစ်မျိုးတော့ တစ်မျိုးပဲ။

ဒီလိုအနံ့မျိုးကို သူ တစ်ခါဖူးမျှ မရှူရှိုက်ခဲ့သည်မှာ အမှန်ပင်။

အမျိုးသမီး၏ တစ်ကိုယ်လုံးမှာ မိုးရေတို့ဖြင့် ရွှဲရွှဲစိုပြီး

နစ်နေသည်။

ဝတ်ထားသည့် အင်္ကျီဖြူနှင့် ဘောင်းဘီရှည်ဖြူတို့မှာ လည်း ရွှံ့ရွှဲနစ်နေသည်။

မိုးရေတို့ကြောင့် ပေါင်တံအရှည် ထွားထွားအိအိနှင့် ရွှေရင်အစုံတို့မှာ ထင်းထင်းကြီးဖြစ်နေပါ၏။

အသက်ရှူလိုက်တိုင်း အတက်အကျ မြန်ဆန်နေသည့် ရွှေရင်အစုံမှာ အတွင်းရင်စည်းအနက်ရောင်ကို ထွင်းဖောက်ထွက် လာမလား မှတ်ထင်ရလောက်ပေသည်။

မြတ်သူ၏အကြည့်က နည်းနည်းရိုင်းပျသွားသည်လား မသိပါ ...။

ထိုအမျိုးသမီးက သူမ၏ရွှေရင်အစုံရှေ့တွင် လက်ရှ ဖက်ဖြင့် ယှက်ကာလိုက်လျက် ရှက်ကိုးရှက်ကန်းအမူအရာ ပင် -

"ကားကိုမောင်းတော့လေ၊ ရှင် ဘာလုပ်နေ တာလဲ"

ဟု ဆိုလေတော့သည်။

သည်တော့မှပင် မြတ်သူသည် သက်ပြင်းတစ်ချက်

ကာ ကားကို ဆက်လက်မောင်းထွက်ခဲ့တော့သည်။

"မင်း ဘယ်လိုဖြစ်ပြီး ဒီလိုနေရာမျိုးကိုရောက်နေရတာလဲ"

အတော်လေးကြာတော့မှပင် မြတ်သူက စပ်စပ်စုစု မေးလိုက်မိသည်။

"ကျွန်မက နေရွှေရာမှာ အလုပ်သွားလုပ်နေတာ၊ အလုပ်ရှင်နဲ့ စကားများပြီး ကျွန်မထွက်လာတာ၊ ကားကြုံစီးလာတာက ကားသမားက မတော်မတရားလုပ်လို့ သူ့လက်က အလွတ်ရုန်းပြီး ထွက်ပြေးလာတာ"

"မင်းရဲ့အလုပ်က"

"ညကလပ်က အဆိုတော် ဆိုပါတော့ရှင်၊ အခု ဖေဖေနဲ့မေမေတို့ဆီ ပြန်မလို့၊ ဖေဖေတို့က မြိုင်သာယာမှာ နေကြတယ်လေ၊ နို့ ... ရှင်ကရော"

"အေး ... ငါကတော့ ဗိုလ်အမေ နေမကောင်းဘူးဆိုလို့ မြိုင်သာယာကို အချိန်မီသွားမလို့ပဲ"

"ဒါဆိုရင် လမ်းကောင်းကောင်းကြုံတာပေါ့

နော်''

လမ်းကြုံဖြစ်နေသောကြောင့် အမျိုးသမီးသည် တော်တော် ဝမ်းသာရွှင်မြူးသွားပုံရသည်။

''အေး ... လမ်းကြုံတာတော့ ကြုံတာပေါ့မပေ၊ လောလောဆယ် တည်းခိုခန်းတစ်ခုခု တွေ့ဖို့ပဲ အရေးကြီးတယ်''

''မပူပါနဲ့ရှင် ... တွေ့မှာပါ၊ ဪ ... ကျွန်မရဲ့နာမည်ကိုလည်း မှတ်ထားဦးနော်၊ ကျွန်မရဲ့နာမည်က ကေသီထွေးတဲ့၊ ခင်ပြီး ရင်းနှီးတဲ့လူတွေကတော့ အဖျားဆွတ်ပြီး ကေသီလို့ပဲ ခေါ်ကြတယ်ရှင့်''

''ကေသီထွေး၊ အင်း ... မဆိုးပါဘူး၊ နာမည်နဲ့လူနဲ့ လိုက်ပါတယ်၊ ငါ့နာမည်လည်း မှတ်ထားပေါ့နော် ... မြတ်သူလို့ ခေါ်တယ်''

ကေသီထွေးက ပြုံးလျက် မြတ်သူအား ဘေးတစောင်းကြည့်လျက် –

''အင်း ... ကိုမြတ်သူက လူချောလူခန့်ကြီးတစ်ယောက်ပဲ၊ ရှင့်ရဲ့မိန်းမကတော့ ရှင့်ကို အရမ်းချစ်

မှာပဲနော်"

ကေသီတွေးဇါစကားကြောင့် မြတ်သူသည် သဘောကျ

သလို ဟားတိုက်ရယ်မောလိုက်မိပါ၏။

"ဟား ဟား ဟား"

"ဘာဖြစ်လို့လဲရှင့်"

"ဩော် ... မင်းပြောတာကို သဘောကျလို့

ပါ"

"ဘာများသဘောကျစရာ ပါသွားလို့လဲရှင်"

"မင်းပြောသလို ဇါ့မှာ အရမ်းချစ်ရမယ့်မိန်းမ

မပြောနဲ့ ... မူးရင်ရှူဖို့ ရည်းစားဟောင် တစ်ယောက်မှ

မရှိပါဘူး ကေသီရယ် ... ဟင်း ဟင်း ဟင်း"

ကေသီတွေးမျက်နှာ တည်သွားသည်။

သူတို့နှစ်ယောက် အတော်ကြာသည်အထိ စကားမပြော

ဖြစ်ကြတော့။

အတွေးကိုယ်စီဖြင့် နှုတ်ဆိတ်နေမိကြသည်။

လမ်းဘေးတစ်လျှောက် မျက်စိကစားလာမိသော်လည်း

တည်းခိုခန်းတစ်ခုကိုမှ မတွေ့ရပါ။

"အင်း ... ဟိုလူတွေပြောလိုက်တာကတော့ ဒီနားမှာ စိတ္တသုခမြို့တည်းခိုခန်းဆိုတာ ရှိတယ်တဲ့၊ အခုထက်ထိလည်း ဘာတည်းခိုခန်းကိုမှ မတွေ့ရသေးပါလား"

မြတ်သူက တစ်ကိုယ်တည်းပြောသလို ပြောလိုက်မိသည်။

"ရှင် အခုနက ဘာပြောလိုက်တယ်၊ ဟိုလူတွေ ... ဟုတ်လား"

မြတ်သူက ခေါင်းညိတ်ပြလျက် –

"အင်း ... ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲရှင့် ... ဒီခေမာရတစ်ခုလုံး မီးလောင်ပျက်စီးသွားတာ ကြာလှပြီ၊ အဲဒီလို မီးလောင်ခံလိုက်ရလို့ သေသွားတဲ့လူတွေလည်း အများကြီးပဲ၊ လူပြိန်းစကားနဲ့ပြောရရင် အစိမ်းသေ သေသွားတဲ့လူတွေပေါ့ရှင် ...၊

ဒီ အစိမ်းသေ သေသွားတဲ့လူတွေက သရဲတစ္ဆေ ကျတ်တွေဖြစ်ပြီး ဒီခေမာရကို ဖြတ်သွားကြတဲ့

လူတိုင်းကို နည်းမျိုးစုံနဲ့ ခြောက်လှန့်လွှတ်နေတော့တာပေါ့။ ဒါ ကြောင့် ဒီမှာ လူတွေလည်း တစ်ယောက်မှမရှိကြတော့ဘူး။

ရှင်ပြောတဲ့ တည်းခိုခန်းဆိုတာကတော့ ဝေးရော၊ ပြီးတော့ ရှင်တွေ့ခဲ့ရတဲ့လူတွေ ဆိုတာကလည်း လူစင်စစ်တွေ မဖြစ်နိုင်ဘူး။ သရဲလား၊ ကျတ်လား ... တစ်ခုခုပဲ''

မြတ်သူသည် ကေသီထွေး၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ရင်း -

''အင်း ... မင်းကရော လူစင်စစ်မှ ဟုတ်ရဲ့လားဟင်''

ဒီတော့လည်း ကေသီထွေးသည် သူမ၏ ဖွေးဖွေးအိအိ ရွှေရင်အစုံ မို့တက်လာသည်အထိ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရင်း -

''ဟင်း ဟင်း ဟင်း ... ကျွန်မသာ ရှင်ထင်နေသလို သရဲတို့၊ ကျတ်တို့ဆိုရင် ရှင့်ကို ဒီအကြောင်းရင်း အဖြစ်မှန်တွေကို အမှန် အမှန်အတိုင်း ပြန်ပြီးပြော

ပြပါ့မလားရှင် …။

ကဲပါ … ကျွန်မနဲ့ပတ်သက်ပြီး ရှင့်ရဲ့စိတ်ထဲမှာ ဘာသံသယမှ ထားမနေပါနဲ့တော့၊ ကားကိုသာနောက်ဘက်ပြန်လှည့်ပြီး မောင်းပါတော့ရှင်၊ ကျွန်မရဲ့စိတ်အထင် ရေတက်တာတို့ တံတားကျိုးတာတို့ ဆိုတာလည်း ရှိတော့မယ်မထင်ပါဘူးရှင်''

မြတ်သူသည် ကေသီထွေးပြောသည့်အတိုင်းပင် ကားကိုမြိုင်သာယာဘက်သို့ ပြန်ပြီး လှည့်မောင်းခဲ့ပါ၏။

ကေသီထွေးခန့်မှန်းသည့်အတိုင်းပင် ဖြစ်နေပါ၏။

ရေပြည့်လျှံတာတို့ တံတားကျိုးတာတို့ကို မကြုံတွေ့ရတော့ပါ။

သူတို့၏ ခရီးလမ်းသည် အထစ်အငေါ့မရှိ ဖြောင့်ဖြူးနေပါတော့၏။

မြတ်သူသည် ကေသီထွေးအား အထူးပင် ကျေးဇူးတင်မိရပါတော့၏။

သို့နှင့်အမျှ …

မြိုင်သာယာသို့ရောက်ရှိလျှင် ကေသီထွေးအား ချစ်ရေး

ဆိုပြီး လက်ထပ်ခွင့်တောင်းခံဖို့လည်း စိတ်ဆုံးဖြတ်ချက် ချမိပါတော့တယ်။

***

ဖြတ်တောက်ခြင်းမပြုရ

# အခန်း (၁)

ခြေ

လိုဏ်ဂူကြီး ...။

လိုဏ်ဂူကြီးသည် အသံတစုံတစ်ရာမျှ မရှိဘဲ တိတ်ဆိတ်နေပါ၏။

တောင်ဇါန်ရုံတွင် လေပူတွေက တိုက်ခတ်နေသည်။

ငှက်သံနှင့် ပိုးမွှားသံတွေတော့ ရှိနေသည်။

မိုးသူအဖို့မှာ ပြင်ပကကြားနေရသလို အသံတွေထက် ရင်ထဲက နှလုံးခုန်သံကို ပို၍ ခံစားနေရသည်။

အသက်ရှူလိုက်တိုင်းလည်း အသံက ပြင်းပြင်းပြပြ

ထွက်နေသည်။

သူ့နောက်ကနေ လိုက်ပါလာသည့် စိုးသိမ်း၏အသံကိုတော့ ကြားနေရသည်။

မိုးသူသည် လျှောက်လှမ်းလက်စ ခြေလှမ်းကိုရပ်တန့်လိုက်ရ၏။

"ရှေ့ကို သိပ်သွားလို့တော့ မဖြစ်ဘူး စိုးသိမ်း။ ရှေ့မှာ တွင်းခေါင်းပေါက်ကြီးတစ်ခု ရှိနေနိုင်တယ်"

စိုးသိမ်း၏ခြေလှမ်း တုံ့နှေးသွားသည်။

တကယ်တော့ စိုးသိမ်းသည် တောင်ပေါ်သားတစ်ယောက်ဖြစ်သလို သူ့အသားအရောင်က သပိတ်ရောင်ထနေသည်။

"ဒီမှာ စိုးသိမ်း ... ဟောဟိုမှာ မြင်နေရတဲ့ တွင်းက အငွေ့တစ်ခုခု ပေးနေပြီလို့ မင်းမထင်ဘူးလားဟင်"

"အင်း .. ဖြစ်နိုင်တယ်၊ ကျော်ဦးတစ်ယောက် ဒီတွင်းထဲ ကျသေသွားတာလည်း ဖြစ်နိုင်တာပဲ"

စိုးသိမ်းက ထင်မြင်ချက်ပေးသည်။

ထိုစဉ် မိုးသူတို့ခြေထောက်တို့က လင်းနို့ချေးမြေသြဇာ ပုံကို တိုက်မိသွားသည်။

လင်းနို့ချေးခြောက်ပုံကြီး တွင်းထဲသို့ တလိမ့်လိမ့်ဖြင့် ထိုးကျဆင်းသွားသည်။

"အင်း ... ကျော်ဦး ဒီတွင်းနက်ကြီးထဲ ကျ သေသွားတာ သိပ်သေချာတယ်၊ သူ အသက်ရှင်တယ် မရှင်တယ် သိရအောင် ကြိုးရှည်ရှည်တစ်ချောင်းနဲ့ စမ်းကြည့်ရင် မကောင်းဘူးလား"

အမှန်တော့ ကျော်ဦးပျောက်ဆုံးနေသည်မှာ ခုနစ်ရက် တစ်ပတ်ကြာမြင့်သွားပြီဖြစ်သည်။

သူတို့နှစ်ယောက် လိုဏ်ဂူထဲကနေ ပြန်ထွက်ဖို့ ခြေလှမ်း ပြင်လိုက်ကြစဉ်မှာပင် –

'အစ် အစ် အစ် အစ်'

'အစ် အစ် အစ် အစ်'

ဆွဲဆွဲငင်ငင်ကြီး အူလိုက်သည့်အသံက သူတို့အနီး ပတ် ဝန်းကျင်တစ်ဝိုက်ဆီမှ ပေါ်လာသည်။

မိုးသူသည် စိုးသိမ်း၏လက်မောင်းကို ဖမ်းဆုပ်ကိုင်ထား

လိုက်မိသည်။

သည့်စဉ် ဒေသခံလူတချို့၏ သတိပေးစကားသံကို ပြန်၍ ကြားယောင်မိသည်။

"ဒီဂူထဲကို တော်ရုံလူ ဝင်လို့မရဘူး။ အောက်လမ်းဆရာတစ်ယောက်ယောက်က ဒီဂူထဲကို ဘယ်သူမျှ မဝင်ရဲအောင် အပိတ်အဆို့ အတားအဆီးတွေနဲ့ စီရင်ထားတာဗျ"

မိုးသူကတော့ ထိုအရာတွေကို စိုးစဉ်းမျှ မယုံကြည်ပါ။ ဒါကြောင့်လည်း –

"တို့တစ်တွေ ဒီအသံပိုင်ရှင်ကို ဝင်ရှာကြည့်လိုက်ရင် ကောင်းမယ်ထင်တယ် စိုးသိမ်း"

ပြောပြော်ဆိုဆို စောစောတုန်းက အသံထွက်ပေါ်လာရာ ဘက်ဆီသို့ အသာချဉ်းကပ်ခဲ့သည်။

ထိုစဉ်မှာပင် ကြောက်မက်ဖွယ်ရာမျက်နှာအဆင်းရှိသည့် သတ္တဝါတစ်ကောင် လက်နှိပ်ဓာတ်မီးရောင်အောက်တွင် ဖြတ်ပြေးသွားသည်ကို တွေ့မြင်လိုက်ရသည်။

"ဟိတ် ... ဘယ်သူလဲ"

မိုးသူသည် မေးရင်း ထိုသတ္တဝါ၏ နောက်သို့ ပြေးလိုက်ခဲ့ပါသည်။

သို့သော် အတွင်းသို့သာ ရောက်သွားသလို ထိုသတ္တဝါ၏အရိပ်အယောင်ကိုတော့ မတွေ့ဖြစ်ရပါလေတော့။

သို့နှင့် သူတို့နှစ်ယောက်သည် အပြင်သို့ ပြန်ထွက်ခဲ့ကြသည်။

"ကျွန်တော်တော့ သိပ်မကျေနပ်ချင်ဘူး။ ဒီဂူထဲက လင်းနို့ချေးမြေဩဇာကို ပူးပေါင်းလုပ်စားလို့ တစ်ယောက်ယောက်က အဟန့်အတားလုပ်နေတယ်လို့ ထင်တယ်၊ ဒီလင်းနို့ချေးမြေဩဇာတွေကိုသာ ရလို့ကတော့ ကျွန်တော်တို့ စိုက်ပျိုးရေးကို ကောင်းကောင်းလုပ်နိုင်မှာဗျ"

စိုးသိမ်းက မကျေမနပ်ပြောသည်။

"ဒီတော့ မင်းက ဘာဆက်လုပ်ချင်သလဲ"

မိုးသူက မေးလိုက်ပါသည်။

"ကျွန်တော်တော့ ဒီဂူကြီးကို စောင့်ကြည့်ချင်တော့တာပဲ"

"အေး ...ဒါဆိုလည်း တို့ ညဘက် ပြန်

လှည့်လာပြီး စောင့်ကြည့်ကြတာပေါ့''

သို့နှင့် သဘောတူညီချက်ယူပြီး အိမ်သို့ ပြန်ခဲ့ကြသည်။

***

# အခန်း (၂)

ညသို့ ရောက်လာသည်။

သူတို့နှစ်ယောက်သည် ညအမှောင်ထဲမှာပင် ခြင်အကိုက်ခံရင်း အခြေအနေကို စောင့်ကြည့်နေကြ၏။

ည၌နက်လာသည်နှင့်အမျှ အအေးဓာတ်က ပိုမိုလွှမ်းကဲလာ၏။

ထိုစဉ်မှာပင် ...

အမျိုးသမီးသဏ္ဌာန်တစ်ခုသည် ထိုဂူဝကြီးနားသို့ တိုးကပ်လာ၏။

ဂူထဲမှလည်း အရိပ်သဏ္ဌာန်တစ်ခု အပြင်သို့ ထွက်လာသည်။

မိုးသူနှင့်စိုးသိမ်းတို့လည်း ပုန်းခိုနေရာမှ အပြင်သို့ ထွက်လိုက်လျက် သူတို့နှစ်ယောက်အနားသို့ တိုးကပ်သွား၏။

"ဩော် ဩော် ... ကျော်ဦး ကျော်ဦး ... မင်းပေါ်လာသေးပဲကိုး။ ငါတို့ကတော့ မင်းသေပြီထင်ပြီး စိတ်မကောင်းဖြစ်နေကြတာကွ"

အမှန်ပင်။

လရောင်ရိပ်အောက်တွင် မြင်တွေ့လိုက်ရသည်က ကျော်ဦးဖြစ်နေသည်။

ပြီးတော့ သူ့အား လာရောက်တွေ့ဆုံသူမှာ ဖန်းဖြစ်သူ ရွှေစင်ဖြစ်သလို ရွှေစင်သည် ထမင်းချိုင့်ယူဆောင်၍ လာပေးခြင်းဖြစ်သည်။

"ပြောစမ်း ကျော်ဦး ... မင်း ဘာဖြစ်လို့ အခုလို လုပ်ရတာလဲ"

"ဗိန္ဒောဆရာကြီး ကျော်ထင် နိုင်းလို့ပေါ့ဗျာ၊ ဒီအထဲကို လူတွေ မဝင်အောင် လုပ်ခိုင်းထားတာလေ၊

ဒါမှလည်း ဒီအထဲက လင်းနို့ချေးမြေသြဇာတွေကို သူ တစ်ယောက်တည်း မောင်ပိုင်စီးနိုင်မှာကိုး''

''မင်း တော်တော်မိုက်မဲတာပဲ ကျော်ဦးရာ၊ အခု မင်းကို ငါတို့ ဘယ်လိုလုပ်ရမလဲ ...ပြော''

''ဒါကတော့ လွယ်ပါတယ်ဗျာ၊ ဒါက သိပ်မခဲယဉ်းပါဘူး''

စကားအဆုံး မည်သူမျှ မတားဆီးလိုက်နိုင်ခင်မှာပင် ကျော်ဦးသည် ဂူထဲသို့ ပြေးဝင်သွားကာ တွင်းနက်ကြီးထဲသို့ ပြေးခုန်ဆင်းလိုက်ပါတော့၏။

ယေသံပါအောင် အော်လိုက်သည့် ကျော်ဦးအသံကြီးသည် လိုဏ်ဂူထဲတွင် ပဲ့တင်ထပ်မျှ ထွက်ပေါ်လာသည်။

ဒါက တစ်ခဏသာ။

ထို့နောက် အသံဗလံတွေအားလုံး နဂိုမူလအတိုင်း ပြန်လည်တိတ်ဆိတ်သွားတော့၏။

သည်တစ်ခါတော့ ကျော်ဦးသည် အမှန်တကယ်ပဲ သေဆုံးသွားခဲ့ပါလေပြီတည်း။

မည်သို့ပင်ဖြစ်စေ သေလွန်သူ၏အကြွေးမဲ့ဘဝ၌ ကျော်ဦး

သည့် လူပြန်ဖြစ်တော့မည့် မဟုတ်ဘဲ ပြိတ္တာဘဝဖြင့် အတော်ကြာကြာ ဝင့်ငရဲခံနေရဦးမည်သည့်အဖြစ်ကတော့ ယုံမှားသံသယ ရှိစရာမလိုပါလေ။

သန်းမြင့်ဦး